# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၆) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) အထက်တန်းရှေ့နေ၊ တရားလွှတ်တော် ရှေ့နေစာမေးပွဲများ ကျင်းပပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) မိုးညှင်းမြို့နယ်၊ နန့်စီအောင်စစ်ဆေးရေးဂိတ်တွင် တရားမဝင်လိုင်စင်မဲ့ကားများနှင့် ကျောက်စိမ်း အပါအဝင် တရားမဝင်ပစ္စည်းများကို ရှာဖွေဖမ်းဆီးရရှိရာတွင် မြို့နယ်တရားရုံးအနေဖြင့် တရားစွဲဆိုထားခြင်းရှိ/မရှိနှင့် သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို မည်သို့စီစဉ် ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင် ထုတ်ပေးရာတွင် ကိုယ်အင်္ဂါ မပြည့်စုံသူများ၏ လျှောက်ထားမှုကို ငြင်းပယ်ခံနေရပါသဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | (ဃ) သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် မိုဘိုင်းဖုန်းများ အသုံးပြု၍ စာတိုစနစ်သုံး ဘေးအန္တရာယ်ကြိုတင်သတိပေးချက် ထုန်ပြန်ရေးစနစ် (SMS DISASTER ALRETS SYSTEM) ဖြင့် ကြိုတင်သတိပေးခြင်း ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | (င) ကလေးမြို့နယ်၊ မြစ်သာမြစ် ဝဲ/ယာရှိ ဒေသခံတောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသော ကူးတို့များအား လေလံစနစ်ဖြင့် လုပ်ကိုင်စေခဲ့သည့် စနစ်အစား ဒေသခံတောင်သူ | ၂၁ |

လယ်သမားအများစု ဦးစီးဆောင်ရွက်သော တောင်သူကူးတို့များဖြင့် ပြောင်းလဲလုပ်ပိုင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၁ (စ) ရွှေကူမြို့နယ်၊ ကုန်းလမ်းပို့ဆောင်ရေးဌာန (ကညန)ရုံးခွဲ (OSS) ဖွင့်ပေးရန် အစီအစဉ်ရှိ၊မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၄

၁၂ ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန်ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၃၀

၁၃ ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြား ထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း ၄၀

၁၄ ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း ၄၉

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၇) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၇

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၃၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၃၁–၇–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လွင်၊ ပုဗ္ဗန်တောင် မဲဆန္ဒနယ်၏ **အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေ စာမေးပွဲများ ကျင်းပပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၏ **မိုးညှင်းမြို့နယ်၊ နန့်စီအောင် စစ်ဆေးရေးဂိတ်တွင် တရားမဝင် လိုင်စင်မဲ့ကားများနှင့် ကျောက်စိမ်း အပါအဝင် တရားမဝင်ပစ္စည်းများကို ရှာဖွေဖမ်းဆီးရရှိရာတွင် မြို့နယ်တရားရုံးအနေဖြင့် တရားစွဲဆိုထားခြင်းရှိ၊ မရှိနှင့် သိမ်းဆည်း ရမိသော သက်သေခံ ပစ္စည်းများကို မည်သို့ စီစဉ်ဆောင်ရွက် ထားသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင် ကိုယ်အင်္ဂါမပြည့်စုံသူများ၏ လျှောက်ထားမှုကို ငြင်းပယ်ခံနေရပါသဖြင့် မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **သဘာဝ ဘေးအန္တရာယ်များကြုံတွေ့ပါက ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် မိုဘိုင်းဖုန်းများ အသုံးပြု၍ စာတိုစနစ်သုံး ဘေးအန္တရာယ်ကြိုတင်သတိပေးချက် ထုတ်ပြန်ရေးစနစ် (SMS DISASTER ALERTS SYSTEM) ဖြင့် ကြိုတင်သတိပေးခြင်း ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်၊ မြစ်သာမြစ်ဝဲယာရှိ ဒေသခံတောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေသော ကူးတို့များအား လေလံစနစ်ဖြင့် လုပ်ကိုင်စေခဲ့သည့် စနစ်အစား ဒေသခံတောင်သူလယ်သမား အများစု ဦးစီးဆောင်ရွက်သော တောင်သူကူးတို့များဖြင့် ပြောင်းလဲ လုပ်ပိုင်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ်၊ ကုန်းလမ်းပို့ဆောင်ရေးဌာန (ကညန) ရုံးခွဲ (OSS) ဖွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော **"မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်က **"မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက် ဖွံ့ဖြိုး**

**တိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က တင်သွင်းသည့် **“မြန်မာ့ပညာရေး ပြုပြင် ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေး ရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း–

(က) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(ဂ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၃၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၃၁ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့ -

(၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၁၂ ရက်၊

(၃) မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ခွင့် ၁၂ ရက်၊

(၄) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁၂ ရက်၊

(၅) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၁၂ ရက်၊

(၆) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၅ ရက်၊

(၇) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ခွင့် ၁၂ ရက်၊

(၈) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ရွှေလှဝင်း ခွင့် ၁၂ ရက်၊

(၉) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁၂ ရက်၊

(၁၀) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၁၂ ရက်၊

(၁၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးဒွေးဝင်း ခွင့် ၁၂ ရက်၊

(၁၂) မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် ခွင့် ၁၂ ရက်၊

(၁၃) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၄) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊

(၁၅) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၂ ရက်၊

(၁၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၁၇) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၂ ရက်၊

(၁၈) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊

(၁၉) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ပေါ်ခင် ခွင့် ၂ ရက်၊

(၂၀) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမွန်း ခွင့် ၅ ရက်၊

(၂၁) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁၂ ရက်၊

(၂၂) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလွိုင်ထွန်း ခွင့် ၅ ရက်၊

(၂၃) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၂၄) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်သီဟ ခွင့် ၅ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၅ ရက်၊

(၂၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၂၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂ ရက်၊

**မှူးကြမ်း**

(၃၀) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်နှင့်

(၃၁) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေစာမေးပွဲများ ကျင်းပပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ နိုင်ငံတော်မှ အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေစာမေးပွဲများ ကျင်းပပေးရန်အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နည်း။ မရှိပါက အဘယ်ကြောင့် ဆောင်ရွက်မပေးနိုင်သည်နှင့်စပ်လျဉ်း၍ သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရဆိုတာ ပြည်သူတွေကို အလုပ်အကိုင်ဖန်တီးပေးရပါတယ်။ နောက်တစ်ခါ လူတွေကို ပညာသင်ကြားလာအောင်လည်း စွဲဆောင်စည်းရုံးရပါတယ်။ အဲဒီအခါမှာ ပညာသင်ကြားတဲ့အခါမှာ Formal Education နှင့် Informal Education ဆိုပြီး ရှိပါတယ်။ Formal Education ဆိုတာကတော့ ဒီနေ့တက်နေတဲ့ အထက်တန်းကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ကောလိပ်တွေဖြစ်ပါတယ်။ အဲဒီအခါမှာ Informal Education ကတော့ အခုလို အထက်တန်းရှေ့နေစာမေးပွဲတွေ၊ တရားလွှတ်တော်ရှေ့နေစာမေးပွဲတွေဖြစ်ပါတယ်။ အဲဒီတော့ ဒီဥစ္စာကို ကျွန်တော်တို့ Self Education လို့လည်း ခေါ်ပါတယ်။ ကိုယ့်ဖာသာကို Study လုပ်ရတာပါ။ အဲဒီအခါကျတော့ ဒီစာမေးပွဲတွေကို ကျွန်တော် သိသလောက်ဆို ၁၉၂၀ ခုနှစ် Voice in Court ဖြစ်ပြီးနောက်ပိုင်းတည်းက မြန်မာနိုင်ငံစာစစ်မင်းကြီးကနေ ကျင်းပခဲ့ပါတယ်။ နောက်တစ်ခါ ၁၉၇၀ ခုနှစ်အထိလောက်လည်း မြန်မာနိုင်ငံစာစစ်မင်းကြီးက အဲဒီလိုပဲ ရှေ့နေစာမေးပွဲတွေကို ကျင်းပပေးပါတယ်။ နောက်တစ်ခါ ၁၉၈၂ ခုနှစ်၊ ၁၉၈၃ ခုနှစ်လောက်ကတည်းက စပြီးတော့လည်း အထက်တန်းရှေ့နေစာမေးပွဲနှင့် တရားလွှတ်တော်စာမေးပွဲတွေကို ကျင်းပရပါတယ်။ အဲဒီအခါမှာတော့ ဘယ်ဌာနက Focal လုပ်လဲဆိုတော့ ပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဝန်ကြီးဌာနက နေပြီးတော့ အဲဒီမေးခွန်းတွေကို သူတို့က ပထမဦးဆုံးသင်ရိုးကို ကြေညာပါတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့က စာမေးပွဲကြေးသွင်းရပါတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ စာမေးပွဲဖြေရပါတယ်။ နောက်တစ်ခါကျလို့ရှိရင် စာမေးပွဲအောင်လို့ရှိရင်၊ အထက်တန်းရှေ့နေစာမေးပွဲအောင်လို့ရှိရင် အထက်တန်းရှေ့နေလိုင်စင်ကို တရားရုံးချုပ်မှာ သွားလျှောက်ရပါတယ်။ တရားလွှတ်တော်ရှေ့နေဆိုတာကတော့ အထက်တန်းရှေ့နေအဖြစ် ခုနစ်နှစ်လုပ်ပြီးတဲ့ရှေ့နေတွေကသာလျှင် အခုလိုပဲစားမေးပွဲဖြေရပါတယ်။

အဲဒီတော့ ဒီကိစ္စလေးဟာ အလွန်ရိုးရှင်းပြီးတော့ အခုထက်ထိ အသုံးတည့်နေသေးတဲ့ နည်းစနစ်လေးပါ။ အခု ကျွန်တော်တို့ဆီမှာ Post Graduate Diploma ဆိုပြီးတော့ Online စနစ် ရှိပါတယ်။ သူက မတူတာ Online ဆိုတာကတော့ Internet ကိုသုံးရမယ်။ ဒီဟာပေါ့ဆိုတော့ အခုနက ကျွန်တော်ပြောတဲ့ အထက်တန်းရှေ့နေနဲ့ တရားလွှတ်တော်ရှေ့နေစာမေးပွဲကျတော့ အဲဒီလိုမဟုတ်ဘူး။ စာအုပ်ဝယ်ဖတ်။ အပြင်ကျောင်းတွေမှာကျောင်းတက်။ ပြီးရင် စာမေးပွဲဝင်ဖြေ။ အဲဒီအခါကျရင် ကျွန်တော်တို့က ဘာတွေအကျိုးရှိမလဲဆိုတော့ ဥပမာ - ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ ဒီစာမေးပွဲကို ဝင်ဖြေကြမယ်။ တစ်ခါ ကျွန်တော်တို့ ဒီ နှစ် ၃၀ အတွင်းမှာ ပညာရေးပျက်ခဲ့တဲ့သူတွေ အများကြီးရှိပါတယ်။ အဲဒီတော့ အဲဒီပညာရေးပျက်ခဲ့တဲ့သူတွေက ဒီစာမေးပွဲတွေကို ဝင်ဖြေကြမယ်။ ဝင်ဖြေကြတော့ သူတို့က တစ်ခန်း တစ်ကဏ္ဍအားဖြင့်လည်း ပညာတွေလည်း တတ်လာမယ်။ ဒီဘက်က လွှတ်တော်အမတ်တွေဆိုလည်း ဥပဒေပညာတွေလည်း နားလည်လာမယ်။ အဲဒီအခါမှာ အခုနကလို ပညာပျက်သွားတဲ့ လူတွေအတွက်လည်း အကျိုးရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော် အမတ်တွေအနေနဲ့လည်း ဒီဥပဒေကို နားလည်တဲ့အတွက် နယ်မြေကိုကိုင်တွယ်စီမံရတာ အလွန် အဆင်ပြေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေဘာသာရပ်ကို လေ့လာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေဘာသာရပ်က အလွန်ငြီးငွေ့ဖို့ ကောင်းပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်က စာမေးပွဲကျင်းပ။ ကျင်းပပြီးလို့ရှိရင် ဒီလူတွေအတွက် မျှော်လင့်ချက်က တော်တဲ့သူတွေ စာမေးပွဲ အောင်ပေး။ ပြီးလို့ရှိရင် ရှေ့နေလိုင်စင်ထုတ်ပေး။ ဒါဆိုရင် ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်ရမယ်ဆိုရင် လူ့အဖွဲ့အစည်းကိုလည်း အကျိုးပြုတယ်။ သူ့အတွက်လည်း လူ့အဖွဲ့အစည်းမှာ တစ်ခန်းတစ်ကဏ္ဍက ပါဝင်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ အထက်တန်းရှေ့နေ နှင့် တရားလွှတ်တော်ရှေ့နေစာမေးပွဲများ ကျင်းပပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ကာလ တွင် ကျင်းပပေးမည်နည်း။ မရှိပါက ဘာကြောင့် မဆောင်ရွက်ပေးနိုင်သနည်းကို သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအတရားလွှတ်တော်ချုပ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**မူကြမ်း**

ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အထက်တန်းရှေ့နေ၊ ဗဟိုတရားရုံးရှေ့နေ၊ တရားလွှတ်တော်ရှေ့နေစာမေးပွဲများကို ယခင်က ဗဟိုတရားရုံးရှေ့နေနှင့် ရှေ့နေစာမေးပွဲကြီးကြပ်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးက ကျင်းပပေးခဲ့ပါတယ်။ ဗဟိုတရားရုံးရှေ့နေနှင့် ရှေ့နေစာမေးပွဲကြီးကြပ်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးက ကျင်းပတဲ့ဗဟိုတရားရုံးရှေ့နေနှင့် အထက်တန်းရှေ့နေစာမေးပွဲတွေကို ဖြေဆိုအောင်မြင်ပြီးကြောင်း သက်သေခံအထောက်အထားလက်မှတ်တင်ပြပြီး ဗဟိုတရားရုံးရှေ့နေ၊ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားလာရင် တရားရုံးချုပ်က နည်းဥပဒေများနှင့်အညီ ခွင့်ပြုခဲ့ပါတယ်။ ထိုစဉ်က နည်းဥပဒေဘွဲ့ရနည်းပါးပြီး ရှေ့နေအရေအတွက်နည်းပါးနေတဲ့အတွက် ဗဟိုတရားရုံးရှေ့နေ၊ အထက်တန်းရှေ့နေစာမေးပွဲများကျင်းပပြီး ရှေ့နေအဖြစ် ဝင်ခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ယခုအခါ တက္ကသိုလ်အသီးသီးမှ ဥပဒေပညာဘာသာရပ်ကို သင်ကြားပေးနေပြီဖြစ်တဲ့အတွက် ဥပဒေဘွဲ့ရသူတစ်ဦးဟာ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများနှင့်အညီ အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်သင်ကြားပြီးနောက် အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းပေးရန် လျှောက်ထားနိုင်ပါတယ်။ အထက်တန်းရှေ့နေအဖြစ် သုံးနှစ်လိုက်ပါဆောင်ရွက်ပြီးစီးရင် ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများနှင့်အညီ တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားလိုက်ပါဆောင်ရွက်နိုင်ပါတယ်။ ဒါ့အပြင် ယခုအခါ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနက Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးတဲ့ ဘွဲ့လွန်ဥပဒေပညာဒီပလိုမာသင်တန်း (Post Graduate Diploma in Law) အောင်လက်မှတ်တင်ပြပြီး အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားနိုင်တဲ့ အခွင့်အရေးတွေလည်း ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေစာမေးပွဲများကျင်းပဆောင်ရွက်ပေးရန် လိုအပ်မည်မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မိုးညှင်းမြို့နယ်၊ နန့်စီအောင်စစ်ဆေးရေးဂိတ်တွင် တရားမဝင် လိုင်စင်မဲ့ကားများနှင့် ကျောက်စိမ်း အပါအဝင် တရားမဝင်ပစ္စည်းများကို ရှာဖွေဖမ်းဆီးရရှိရာတွင် မြို့နယ်တရားရုံးအနေဖြင့် တရားစွဲဆို ထားခြင်းရှိ/မရှိနှင့် သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မ ကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ ဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းက နန့်စီအောင်စစ်ဆေးရေးဂိတ်မှာ တရားမဝင်ပစ္စည်းတွေ ရှာဖွေဖမ်းဆီးတဲ့အခါမှာ မြို့နယ်တရားရုံးကို တရားစွဲဆိုနိုင်ဖို့အတွက် တင်ပြထားနိုင်ခြင်းရှိ/မရှိနှင့် အဲဒီသက်သေခံပစ္စည်းတွေကို ဘယ်လိုနည်းလမ်းမျိုးနှင့်စီစဉ်ဆောင်ရွက်ထားသလဲဆိုတာလေးကို သိရှိချင်တဲ့အတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာကို လွှမ်းမိုးစွက်ဖက်ခြင်းတို့ မရှိစေရန်သော်လည်းကောင်း၊ ပြဋ္ဌာန်းပြီး တည်ဆဲ ဥပဒေတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အုပ်ချုပ်ရေးဌာနတွေ မှာ စားဖားတွေညီညွတ်နေတာကို ဟန့်တားကာကွယ်နိုင်ရန်အတွက်သော်လည်းကောင်း၊ တရားစီရင် ရေးလုပ်ငန်းတွေက ပွင့်လင်းမြင်သာမှုရှိစွာနှင့် အများပြည်သူက သိရှိနိုင်ရန်အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ မိုးညှင်းမြို့နယ်ဟာ ကချင်ပြည်နယ်ကနေ ပြည်မကို ဆက်သွယ်တဲ့ မန္တလေး-မြစ်ကြီးနား ရထားလမ်း၊ ကားလမ်းဆိုတဲ့ ခရိုင်ရုံးစိုက်တဲ့ (က)အဆင့် မြို့နယ်တစ်ခုလည်း ဖြစ်ပြီးတော့မှ အဖိုးတန်ကျောက်စိမ်းသယံဇာတတွေ ထွက်ရှိရာ နန့်စီမှော်၊ ဖားကန့်မှော်တွေလည်း တည်ရှိပါတယ်။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရှင်။ ဒါတော့ ကချင်ပြည်နယ် နယ်စပ်ဂိတ် ဖြစ်ပါ တယ်။ ဒါ နယ်စပ်ဂိတ်တွေဖြစ်ပါတယ်။ အဲဒီနန့်စီအောင်စစ်ဆေးရေးဂိတ်မှာ ဂိတ်စဖွင့်လိုက်တာက ၆ လ ၂ ရက်နေ့မှာ စပြီးဖွင့်ပါတယ်။ ဖွင့်ပေမဲ့လို့ အဲဒီဂိတ်ရဲ့ရည်ရွယ်ချက်က ကျောက်စိမ်းတွေနဲ့ တရားမဝင်လုပ်ငန်းတွေကို ဖမ်းဆီးနိုင်ဖို့အတွက်ကို အဲဒီဂိတ်ကို ရည်ရွယ်ပြီးတော့ ဖွင့်လှစ်ပါတယ်။ အဲဒီဂိတ်မှာ နန့်စီအောင်ကနေ ဖားကန့်ဘက်ကိုသော်လည်းကောင်း၊ မော်ဟန်ဘက်ကိုသော် လည်းကောင်း၊ နန့်စီမှော်တွေကိုသော်လည်းကောင်း သွားတဲ့လမ်းတွေကနေပဲ တရားမဝင်တဲ့

ကျောက်စိမ်းတွေကိုသော်လည်းကောင်း၊ တရားမဝင်တဲ့စက်ယန္တရားတွေကိုသော်လည်းကောင်း၊ အခြား စပ်ဆိုင်တဲ့ တရားမဝင်လုပ်ငန်းတွေ၊ ယန္တရားပစ္စည်းတွေ အဲသလို နည်းလမ်းမျိုးစုံနဲ့ ဝင်ထွက်သွားလာနေတာဟာလည်း အများကြီးရှိပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၈)ရဲ့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးနှင့် တာဝန်တွေဖြစ်တဲ့ ပုဒ်မ ၃၇၀ အရ နိုင်ငံသားတိုင်းဟာ ဥပဒေနှင့်အညီ စီးပွားရှာဖွေပိုင်ခွင့်ရှိတယ်လို့ ဆိုထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီနိုင်ငံသားတွေဟာ လွတ်လပ်စွာ စီးပွားရှာဖွေကြပါတယ်။ ဒါပေမဲ့ အဲဒီလို စီးပွားရှာဖွေပေမဲ့လို့လည်း နိုင်ငံတော်ကို အခွန်ပေးဆောင်ရမှာဆိုတာဟာလည်း ပုဒ်မ ၃၈၉ အရ တာဝန်ရှိပါတယ်။ အဲဒီလိုမျိုး ဒါကတော့ နယ်စပ်စစ်ဆေးရေးဂိတ်တွေမှာ စစ်ဆေးနေတဲ့ ပုံတွေပဲဖြစ်ပါတယ်။ အဲဒီနယ်စပ်စစ်ဆေးရေးဂိတ်မှာ စစ်ဆေးတဲ့အခါမှာ တရားမဝင်တဲ့ ပစ္စည်းတွေကို စစ်ဆေးပေမဲ့လို့ တကယ်တမ်း စစ်ဆေးရေးမှူးတွေမှာ ကြန့်ကြာနေတာက စက်မှုသုံး၊ လယ်ယာသုံးစက်ပစ္စည်းတွေရယ်၊ လယ်ယာသုံးကုန်သွယ်ပစ္စည်းတွေဟာ အများဆုံးကြန့်ကြာနေပါတယ်။ ဒါပေမဲ့ဒါကတော့ စစ်ဆေးတဲ့အခါမှာ ဖမ်းဆီးရမိတဲ့ ယာဉ်ယန္တရားတွေပဲဖြစ်ပါတယ်။ အဲဒီလို ယာဉ်ယန္တရားတွေကို ရရှိထားတဲ့အခါမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံသားတွေရဲ့ တရားဝင်ရရှိပိုင်ဆိုင်ထားတဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေနဲ့စပ်လျဉ်းပြီးတော့မှ ဥပဒေအရ ကာကွယ်ပေးမှုလည်း တာဝန်ရှိတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းအရ လူစီးယာဉ်တွေအပါအဝင် နောက်ဆုံးဖမ်းဆီးရရှိထားတဲ့ အဲဒီယန္တရားတွေကို ဘယ်လိုမျိုး သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ ဥပဒေအရ အရေးယူဆောင်ရွက်ထားခြင်းရှိ/မရှိကို သိရှိချင်တဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာပဲဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိရဲ့မေးခွန်းပါ မိုးညှင်းမြို့နယ်၊ နန့်စီအောင်စစ်ဆေးရေးဂိတ်မှာ ၇-၂-၂၀၁၇ ရက်နေ့ကစပြီး တရားမဝင်လိုင်စင်မဲ့ကားများနှင့် ကျောက်စိမ်းအပါအဝင် တရားမဝင်ပစ္စည်းများ ရှာဖွေဖမ်းဆီးရမိခြင်းနှင့်စပ်လျဉ်းပြီး မိုးညှင်းမြို့နယ်

တရားရုံးကို ၂၄-၂-၂၀၁၇ ရက်နေ့မှာ အမှုနှစ်မှု၊ ၁၅-၅-၂၀၁၇ ရက်နေ့မှာ တစ်မှု၊ ၁၆-၅-၂၀၁၇ ရက်နေ့မှာ တစ်မှု၊ ၁၈-၅-၂၀၁၇ ရက်နေ့မှာ တစ်မှု၊ ၅-၆-၂၀၁၇ ရက်နေ့မှာ ရှစ်မှု စုစုပေါင်း ၁၃ မှုကို တရားစွဲတင်ပို့ခဲ့ပါတယ်။ မိုးညှင်းမြို့နယ်တရားရုံးက ရာဇဝတ်ကြီးမှုအမှတ်-၃၅၃/၂၀၁၇၊ ၃၅၄/၂၀၁၇၊ ၇၁၀/၂၀၁၇၊ ၇၁၂/၂၀၁၇၊ ၇၁၇/၂၀၁၇၊ ၇၃၈/၂၀၁၇၊ ၇၃၉/၂၀၁၇၊ ၇၄၀/၂၀၁၇၊ ၇၄၁/၂၀၁၇၊ ၇၄၂/၂၀၁၇၊ ၇၄၃/၂၀၁၇၊ ၇၄၄/၂၀၁၇ နှင့် ၇၄၅/၂၀၁၇ အသီးသီးတို့ဖြင့် အမှုဖွင့်လှစ်လက်ခံ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီအမှုတွေအနက် တရားမဝင်မြေဆီအိတ်များ ဖမ်းဆီးရမိခြင်းနှင့်ပတ်သက်ပြီး မိုးညှင်းမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ်-၃၅၃/၂၀၁၇ မှာ တရားခံ ရာဇာ ပါ ၂ ဦးကို ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ အရ အလုပ်နှင့်ထောင်ဒဏ် သုံးလစီ ကျခံစေဖို့နှင့် ငွေဒဏ် နှစ်သိန်းစီပေးဆောင်စေဖို့၊ တရားမဝင်မြေဆီအိတ်များကို ၉၀၄ အမြောက်တပ်ရင်းမှာထိန်းသိမ်းထားရှိပြီး တရားရုံးကို တင်ပို့အပ်နှံခြင်းမရှိတဲ့အတွက် သက်သေခံပစ္စည်း မြေဆီအိတ်တွေနဲ့စပ်လျဉ်းပြီး အမိန့်ချမှတ်ခြင်းမပြုဘဲ သက်သေခံပစ္စည်း လိုင်စင်ရှိတရားဝင်မော်တော်ကားအား ပိုင်ရှင်ပြန်ပေးစေဖို့ ၁၉-၅-၂၀၁၇ ရက်နေ့က အမိန့်ချမှတ်ခဲ့ပါတယ်။ ရာဇဝတ်ကြီးမှုအမှတ်-၃၅၄/၂၀၁၇ မှာ တရားခံ အောင်ထွေး ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ အလုပ်နှင့်ထောင်ဒဏ် သုံးလ ကျခံစေဖို့နှင့် ငွေဒဏ်ကျပ်နှစ်သိန်း ပေးဆောင်စေဖို့ တရားမဝင်မြေဆီအိတ်များဟာ ၉၀၄ အမြောက်တပ်ရင်းမှာ ထိန်းသိမ်းထားရှိပြီး တရားရုံးကို တင်ပို့အပ်နှံခြင်းမရှိတဲ့အတွက် သက်သေခံပစ္စည်း မြေဆီအိတ်များနှင့်စပ်လျဉ်းပြီး အမိန့်ချမှတ်ခြင်းမပြုဘဲ သက်သေခံပစ္စည်းလိုင်စင်ရှိ တရားဝင်မော်တော်ကားအား ပိုင်ရှင်ပြန်ပေးစေဖို့ ၁၉-၅-၂၀၁၇ ရက်နေ့မှာ အမိန့်ချမှတ်ခဲ့ပါတယ်။ ဒါ့အပြင် တရားမဝင်လိုင်စင်မဲ့ မော်တော်ကားများဖမ်းဆီးရမိခြင်းနှင့်ပတ်သက်ပြီး မိုးညှင်းမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ်-၇၃၈/၂၀၁၇ မှာ တရားခံ မျိုးအောင်ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ၁၅ ရက်ကျခံစေဖို့နှင့် ဒဏ်ငွေ သုံးသိန်းပေးဆောင်စေဖို့၊ မဆောင်ပျက်ကွက်လျှင် ထောင်ဒဏ် ၆ လ ကျခံစေဖို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းရယူထားတဲ့ သက်သေခံတရားမဝင် လိုင်စင်မဲ့မော်တော်ကားကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ ရာဇဝတ်ကြီးမှုအမှတ်-၇၃၉/၂၀၁၇ မှာ တရားခံ ထွန်းစိန် ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ၁၅ ရက်ကျခံစေဖို့နှင့် ငွေဒဏ် သုံးသိန်းကျပ်ပေးဆောင်စေဖို့၊ မဆောင်လျှင် ထောင်ဒဏ် ၆ လ ကျခံစေဖို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းရယူထားတဲ့ သက်သေခံတရားမဝင် လိုင်စင်မဲ့မော်တော်ကားကို ပြည်သူ့ဘဏ္ဍာအဖြစ်

သိမ်းဆည်းစေဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ ရာဇဝတ်ကြီးမှုအမှတ်-၇၄၀/၂၀၁၇ မှာ တရားခံ ဂမ်ထွယ် ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ၁၅ ရက်ကျခံစေဖို့နှင့် ငွေဒဏ် သုံးသိန်း ပေးဆောင်စေဖို့၊ မဆောင်လျှင် ထောင်ဒဏ် ၆ လ ကျခံစေဖို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းရယူထားတဲ့ သက်သေခံတရားမဝင် လိုင်စင်မဲ့မော်တော်ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။

ရာဇဝတ်ကြီးမှုအမှတ်-၇၄၁/၂၀၁၇ မှာ တရားခံ ဒွေးဝင်း ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ၁၅ ရက်ကျခံစေဖို့နှင့် ငွေဒဏ် သုံးသိန်းကျပ် ပေးဆောင်စေဖို့၊ မဆောင်လျှင် ထောင်ဒဏ် ၆ လ ကျခံစေဖို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းရယူထားတဲ့ သက်သေခံတရားမဝင်လိုင်စင်မဲ့မော်တော်ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ ရာဇဝတ်ကြီးမှုအမှတ်-၇၄၂/၂၀၁၇ မှာ တရားခံ သန်းဇော် အား ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ၁၅ ရက်ကျခံစေဖို့နှင့် ငွေဒဏ် သုံးသိန်း ပေးဆောင်စေဖို့၊ မဆောင်လျှင် ထောင်ဒဏ် ၆ လ ကျခံစေဖို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းရယူထားတဲ့ သက်သေခံတရားမဝင် လိုင်စင်မဲ့ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဖို့၊ ရာဇဝတ်ကြီးမှုအမှတ်-၇၄၃/၂၀၁၇ မှာ တရားခံ သက်နိုင်ဦး အား ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ၁၅ ရက်ကျခံစေဖို့နှင့် ငွေဒဏ် သုံးသိန်းကျပ် ပေးဆောင်စေဖို့၊ မဆောင်ပျက်ကွက်လျှင် ထောင်ဒဏ် ၆ လ ကျခံစေဖို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းရယူထားတဲ့ သက်သေခံတရားမဝင် လိုင်စင်မဲ့မော်တော်ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ ရာဇဝတ်ကြီးမှုအမှတ်-၇၄၄/၂၀၁၇ မှာ တရားခံ ရဲမြင့်ထူး ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ၁၅ ရက်ကျခံစေဖို့နှင့် ငွေဒဏ် သုံးသိန်းကျပ် ပေးဆောင်စေဖို့၊ မဆောင်လျှင် ထောင်ဒဏ် ၆ လ ကျခံစေဖို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းရယူထားတဲ့ သက်သေခံတရားမဝင် လိုင်စင်မဲ့မော်တော်ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ ရာဇဝတ်ကြီးမှုအမှတ်-၇၄၅/၂၀၁၇ မှာ တရားခံ နိုင်အောင်ကျော်ဦး အား ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ၁၅ ရက်ကျခံစေဖို့နှင့် ငွေဒဏ် သုံးသိန်း ပေးဆောင်စေဖို့၊ မဆောင်လျှင် ထောင်ဒဏ် ၆ လ ကျခံစေဖို့၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းရယူထားတဲ့ သက်သေခံတရားမဝင် လိုင်စင်မဲ့မော်တော်ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဖို့ ၁၅-၆-၂၀၁၇ ရက်နေ့က အသီးသီး အမိန့်ချမှတ်ခဲ့ပါတယ်။

ကျန်ရှိတဲ့ မိုးညှင်းမြို့နယ်တရားရုံး ရာဇဝတ်ကြီးမှုအမှတ်-၇၁၀/၂၀၁၇ ဟာ တရားခံ အောင်သူရ အပေါ် ကျောက်မျက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(က)ဖြင့်လည်းကောင်း၊ ရာဇဝတ်ကြီးမှု အမှတ်-၇၁၇/၂၀၁၇ သည် တရားခံ မြင့်အောင်ပါ ၃ ဦး အား ကျောက်မျက်ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(က) ဖြင့်လည်းကောင်း အရေးယူတရားစွဲတင်ပို့ခဲ့တဲ့အမှုများဖြစ်ပြီး ရာဇဝတ်ကြီးမှုအမှတ်-၇၁၂/၂၀၁၇ အမှုဟာ အမိုနီယမ်နိုက်ထရိတ်မြေဆီများ ဖမ်းဆီးရမိခြင်းအတွက် တရားခံ ဖုန်းမြင့်ပါ ၂ ဦးတို့ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရ အရေးယူတရားစွဲတင်ပို့ခဲ့တဲ့အမှုတွေဖြစ်ပါတယ်။ အဆိုပါ အမှု သုံးမှုဟာ စစ်ဆေးဆဲအမှုများဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒါကြောင့် မိုးညှင်း မြို့နယ်၊ နန့်စီအောင်စစ်ဆေးရေးဂိတ်မှာ တရားမဝင်လိုင်စင်မဲ့ကားတွေနဲ့ ကျောက်စိမ်းအပါအဝင် တရားမဝင်ပစ္စည်းများ ရှာဖွေဖမ်းဆီးရရှိမှုနှင့်ပတ်သက်ပြီး မိုးညှင်းမြို့နယ်တရားရုံးကို အမှုပေါင်း ၁၃ မှု တရားစွဲတင်ပို့ခဲ့ရာ အမှု ၁၀ မှုကို စစ်ဆေးအမိန့်ချမှတ်ပြီးဖြစ်ပါကြောင်းနှင့် ကျန် သုံးမှုမှာ စစ်ဆေးဆဲအမှုများ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူး အများကြီးတင်ရှိပါတယ်ရှင်။ ကျွန်မရဲ့မေးခွန်းမှာပါရှိတဲ့ လိုင်စင်မဲ့ကားတွေနဲ့အတူတူ ကျောက်စိမ်း တွေလည်း ဖမ်းဆီးရမိထားတာဖြစ်ပါတယ်။ ဖမ်းဆီးရမိထားတဲ့အခါမှာ အဲဒီလို သက်သေခံပစ္စည်း တွေကို တရားရုံးကို မတင်ပို့ထားဘူးဆိုလို့ရှိရင် အဲဒီအမှုတွေကို ဘယ်လိုမျိုးကိုင်တွယ်ဖြေရှင်းမလဲ ဆိုတာနဲ့ ကျောက်စိမ်းတွေဆိုတာဟာ သေးသေးလေးကအစ သူ့ကအရည်အသွေးအပေါ်မှာမူတည်ပြီး တော့ တန်ဖိုးကို ဆုံးဖြတ်တာဖြစ်တဲ့အတွက်ကြောင့်မို့ အဲဒီလိုမျိုး ကျောက်စိမ်းတွေကို ဖမ်းဆီးရမိတဲ့ အခါမှာ အဲဒီသက်သေခံပစ္စည်းတွေကို ဘယ်လိုမျိုးပွင့်လင်းမြင်သာမှုရှိအောင် ထိန်းသိမ်းသလဲဆို တာကိုလည်း ကျွန်မသိချင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ တရားရုံးတွေမှာ သက်သေခံပစ္စည်းတွေနဲ့ပတ်သက်လို့ တရားရုံးကို တင်ပို့တဲ့ တရားရုံးရဲ့ထိန်းသိမ်းမှုအောက်မှာ ရှိတဲ့ သက်သေခံပစ္စည်းတွေကိုသာ စီမံခန့်ခွဲတဲ့အမိန့်ချမှတ်ဖို့အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇

မှာ ပြဋ္ဌာန်းထားပါတယ်။ တရားစွဲအဖွဲ့အစည်းက တချို့ကိစ္စရပ်တွေမှာ ဥပမာ မူးယစ်ဆေးဝါးအမှုတွေမှာ သက်သေခံပစ္စည်းကို တင်ပို့ခြင်းမရှိဘဲ သီးခြားထိန်းသိမ်းထားပြီး သက်သေခံပစ္စည်း ဘယ်မှာရှိတယ်ဆိုတဲ့အချက်အလက်တွေကိုသာ တရားရုံးတော်ကို တင်ပြခြင်းဖြစ်ပါတယ်။ ဒီလိုအမှုမျိုးတွေမှာ ကျွန်တော်တို့က စီမံခန့်ခွဲတဲ့အမိန့်ချမှတ်ပေးပါတယ်။ ဒီလိုမဟုတ်ဘဲ သက်သေခံပစ္စည်းတင်ပြခြင်းမရှိတဲ့ အမှုတွေမှာတော့ သက်သေထွက်ဆိုချက်တွေနဲ့ တင်ပြတဲ့သက်သေခံအထောက်အထားတွေအရ ပြစ်မှုပေါ်ပေါက်ခြင်းရှိ/မရှိကိုသာ ဆုံးဖြတ်ပြီး သက်သေခံပစ္စည်းနှင့် ပတ်သက်ပြီးတော့ အတင်းအကျပ်တင်ပြပေးဖို့ ညွှန်ကြားတဲ့ကိစ္စရပ်မျိုး မရှိပါဘူး။ တရားစွဲအဖွဲ့အစည်းက ပြည့်စုံအောင်ဆောင်ရွက်ပေးရမယ့် တာဝန်သာရှိပါကြောင်းနှင့် ရုံးရှေ့တင်ပို့တဲ့သက်သေခံပစ္စည်းများကိုသာ အမိန့်ချမှတ်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင် ကိုယ်အင်္ဂါမပြည့်စုံသူများ၏ လျှောက်ထားမှုကို ငြင်းပယ်ခံနေရပါသဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ရှိဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင် ကိုယ်အင်္ဂါမပြည့်စုံသူများ၏လျှောက်လွှာကို ငြင်းပယ်ခံနေရသဖြင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၀) မသန်စွမ်းသူအခွင့်အရေးဥပဒေနှင့်မကိုက်ညီသဖြင့် ထိုကိစ္စကိုအဘယ်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)မှာ ကိုယ်အင်္ဂါမပြည့်စုံတဲ့သူတွေက မော်တော်ယာဉ်ကောင်းစွာမောင်းနိုင်တဲ့အတွက်

ကားမောင်းလိုင်စင်သွားလျှောက်ပါတယ်။ ပထမဆုံး ကားမောင်းလိုင်စင်က သင်မောင်းလုပ်ပြီးလို့ရှိရင် သူက (ခ)လိုင်စင်လို့ခေါ်တဲ့ သုံးတန်အောက်အိမ်စီးကားတွေကို မောင်းနှင်ခွင့်လျှောက်ထားပါတယ်။ အဲ့လိုသွားတဲ့အခါမှာ စစ်ဆေးခြင်းလုံးဝမပြုပါဘူး။ ကိုယ်အင်္ဂါမပြည့်စုံလို့ဆိုပြီးတော့ ဖြေဆိုခွင့်ကို ပိတ်ပင်ပြီးတော့ ပယ်ချခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၃၀) ပုဒ်မ ၁၂ မှာ မသန်စွမ်းသူများသည် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာ၊ မသန်မစွမ်းအမျိုးအစား မခွဲခြားဘဲ အောက်ပါအတိုင်းအခွင့်အရေးရရှိစေရမယ်လို့ ဖော်ပြထားပါတယ်-

(က) ဥပဒေအရာ၌ အညီအမျှဖြစ်စေရမယ်၊

(ခ) အခြားသူများနှင့် ညီမျှသော အခွင့်အရေးရရှိစေရမယ်လို့ ဖော်ပြထားပါတယ်။

ဒါ့အပြင် ပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)မှာလည်း မွေးရာပါရှင်သန်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ ကိုးကွယ်ပိုင်ခွင့်အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားသူများနှင့်အတူ ခံစားခွင့်ရှိစေရမည်ဟု ဖော်ပြထားပါတယ်။ ဒါ့ကြောင့်မို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနက မသန်စွမ်းသူတွေကို ယာဉ်မောင်းလိုင်စင်လျှောက်ထားပြီးဖြေဆိုခွင့်ကို ပိတ်ပင်ထားတဲ့အတွက် အဲဒီဥပဒေကို ချိုးဖောက်နေတဲ့အတွက် ကျွန်တော်က ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်ရဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင် ထုတ်ပေးရာတွင် ကိုယ်အင်္ဂါမပြည့်စုံသူများ၏ လျှောက်ထားမှုကို ငြင်းပယ်ခံနေရသဖြင့် ၂၀၁၅ ခုနှစ်၊

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၀) မသန်စွမ်းသူအခွင့်အရေးဥပဒေနှင့် မကိုက်ညီသဖြင့် ထိုကိစ္စကို အဘယ်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ဖြေကြားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လိုက်နာကျင့်သုံးလျက်ရှိတဲ့ တည်ဆဲ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနဲ့ ၁၉၈၉ ခုနှစ်၊ နည်းဥပဒေ များမှာ ကိုယ်အင်္ဂါမပြည့်စုံသူများရဲ့ ယာဉ်မောင်းလိုင်စင်လျှောက်ထားမှုကို ငြင်းပယ်ရန်အတွက် ပြဋ္ဌာန်းထားခြင်း မရှိပါကြောင်းတင်ပြအပ်ပါတယ်။ ယာဉ်မောင်းလိုင်စင်လျှောက်ထားလာမှုအပေါ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ထုံးလုပ်နည်း၊ အမိန့်နဲ့ညွှန်ကြားချက်များအရ ယာဉ်မောင်း လိုင်စင်ထုတ်ပေးရန်အတွက် ဖြေဆိုအောင်မြင်ရမယ့် စစ်ဆေးမှုများအနေနဲ့ အရောင်ခွဲခြားစစ်ဆေး ခြင်းနှင့် အမြင်အာရုံစစ်ဆေးခြင်း၊ ကိုယ်လက်အင်္ဂါသန်စွမ်းမှုစစ်ဆေးခြင်း၊ စိတ်အခြေအနေဆန်းစစ် ခြင်း(Psycho Test)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးခြင်းနှင့် လက်တွေ့ယာဉ်မောင်းနှင်မှု စစ်ဆေးခြင်းတို့ ဖြစ်ပါတယ်။ ယာဉ်မောင်းနှင်ရာမှာ ပုံမှန်အခြေအနေမှာ ကိုယ်လက်အင်္ဂါပြည့်စုံမှု မရှိသော်လည်း အဆင်ပြေနိုင်ပေမဲ့လည်း အရေးပေါ်အခြေအနေကြုံတွေ့လာတဲ့အခါ တုံ့ပြန်မှု နောက်ကျသဖြင့် အန္တရာယ်ရှိနိုင်တာကြောင့် ကိုယ်လက်အင်္ဂါသန်စွမ်းမှုစစ်ဆေးရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယာဉ်မောင်းခြင်းဟာ ယာဉ်မောင်းသူတစ်ယောက်တည်းနဲ့သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းတဲ့သူအားလုံးနဲ့သက်ဆိုင်ပြီး ယာဉ်မတော်တဆမှုဖြစ်ပွားပါက ယာဉ်မောင်းသူအပါအဝင် ယာဉ်ပေါ်တွင်လိုက်ပါစီးနင်းသူများနဲ့ အခြားလမ်းအသုံးပြုသူများကို ထိခိုက်ဒဏ်ရာရရှိစေမှု၊ မသန်မစွမ်းဖြစ်စေမှုနဲ့ အသက်အန္တရာယ်ကျရောက်စေမှုများအထိပါ ဖြစ်ပေါ် စေနိုင်တဲ့အတွက် ယာဉ်မောင်းလိုင်စင်လျှောက်ထားလာတဲ့အခါ ကိုယ်လက်အင်္ဂါမသန်စွမ်း၊ မပြည့်စုံ သူများကိုစိစစ်ပြီးမှသာ ယာဉ်မောင်းလိုင်စင် ဖြေဆိုခွင့်ပြုလျက်ရှိတာဖြစ်ပါတယ်။ ဖြေဆိုလိုသူမှ ယာဉ်မောင်းနိုင်စွမ်းရှိကြောင်းတင်ပြလာတဲ့အခါ တာဝန်ခံအရာထမ်းနဲ့စစ်ဆေးရေးမှူးများက ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မှုရှိ/မရှိကို ယာဉ်မောင်းနှင်စေခြင်းဖြင့် ပဏာမစစ်ဆေးပြီး အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ခြင်းကို တာဝန်ယူနိုင်မှုရှိကြောင်းတွေ့ရှိရပါက ယာဉ်မောင်းလိုင်စင် အတွက် ဆက်လက်ဖြေဆိုခြင်းကို မှတ်တမ်းတင်ပြီး ခွင့်ပြုပေးလျက်ရှိပါတယ်။

**မူကြမ်း**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများအနေနဲ့ ကိုယ်လက်အင်္ဂါသာမန်မပြည့်စုံသူများက ယာဉ်မောင်းလိုင်စင်လျှောက်ထားမှုများကို ငြင်းပယ်ခြင်းမရှိဘဲ ပဏာမမော်တော်ယာဉ်မောင်းနှင်မှုစစ်ဆေးပြီး ယာဉ်ကိုအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ခြင်းမရှိတဲ့ အခြေအနေဖြစ်မှသာ ဆက်လက်ဖြေဆိုရန်ငြင်းပယ်ပြီး ယာဉ်ကိုအန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်ရန် ဆက်လက်ဖြေဆိုစေပြီး အောင်မြင်ပါက လိုင်စင်ထုတ်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆ ခုနှစ်ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ ကိုယ်လက်အင်္ဂါမပြည့်စုံမသန်စွမ်းမှုများကြောင့် ယာဉ်ကိုကောင်းမွန်စွာ မောင်းနှင်နိုင်ခြင်းမရှိသူသုံးဦးကိုသာ ယာဉ်မောင်းလိုင်စင်ဖြေဆိုရန် ငြင်းပယ်ခဲ့ခြင်းရှိပြီး ယာဉ်ကိုအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်တဲ့စွမ်းရည်ရှိကြောင်း စိစစ်တွေ့ရှိရတဲ့ ကိုယ်လက်အင်္ဂါမပြည့်စုံသူ ၆၂ ဦးကို ယာဉ်မောင်းလိုင်စင်များထုတ်ပေးခဲ့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် မိုဘိုင်းဖုန်းများ အသုံးပြု၍ စာတိုစနစ်သုံး ဘေးအန္တရာယ်ကြိုတင်သတိပေးချက် ထုန်ပြန်ရေးစနစ်( SMS DISASTER ALRETS SYSTEM) ဖြင့် ကြိုတင်သတိပေးခြင်းဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သဘာဝဘေးပေါင်းစုံဝိုင်းရံနေပါတယ်။ သဘာဝဘေးအန္တရာယ်တွေ တွေ့ကြုံလာရင် ကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းတွေဟာ အရေးကြီးလှပါတယ်။ ၂၀၀၈ နာဂစ်မုန်းတိုင်းဟာ ကမ္ဘာ့သဘာဝဘေးအန္တရာယ်ဆိုးသမိုင်းမှာ သေပျောက်မှုအများဆုံး မှတ်တမ်းဆိုကြီးတင် ကျန်ရစ်ခဲ့ပါတယ်။ ဒါဟာ သဘာဝဘေးအန္တရာယ်တွေ ကြိုတင်သတိပေးမှု အားနည်းခြင်း၊ ကြိုတင်ကာကွယ်မှုအားနည်းခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးအားနည်းခြင်းတို့ကြောင့်ပါ။ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး၊ မြေငလျင်ဘေး၊ မီးတောင်ပေါက်ကွဲခြင်းဘေးတွေကို ကြိုတင်သတိပေးချက် ထုတ်ပြန်

ခြင်း၊ ကြိုတင်ကာကွယ်ခြင်းတွေ စနစ်တကျဆောင်ရွက်နိုင်ရင် နိုင်ငံသားတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေကို ကယ်တင်စောင့်ရှောက်နိုင်ပါလိမ့်မယ်ခင်ဗျား။

နိုင်ငံတကာမှာ သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်သတိပေးချက် ထုတ်ပြန်ရာမှာ ရေဒီယို၊ ရုပ်မြင်သံကြား၊ FM ရေဒီယို၊ တယ်လီဖုန်း၊ အင်တာနက် Website၊ E-Mail၊ Mobile Telephone၊ SMS စာတိုစနစ် စသည်ဖြင့် နည်းမျိုးစုံအသုံးပြုဖြန့်ချိနေကြတဲ့အနက်မှ SMS စာတိုစနစ်နဲ့ Mobile phone အသုံးပြု၍ သတင်းထုတ်ပြန်ကြေညာချက်ဟာ ထိရောက်မှုအရှိဆုံးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ စာတိုစနစ်သုံးဘေးအန္တရာယ်ကြိုတင်သတိပေးချက် ထုတ်ပြန်ရေးစနစ်ရဲ့ အားသာချက်ကတော့ သတိပေးချက်များကို အသုံးပြုသူမြောက်မြားစွာထံ တစ်ပြိုင်နက်တည်းပေးပို့နိုင်ခြင်းဖြင့် ဘေးအန္တရာယ်နှင့်ပတ်သက်တဲ့ တိကျသောသတင်းအချက်အလက်များကို ပြည်သူတို့အချိန်နှင့်တစ်ပြေးညီအခမဲ့ ရရှိနိုင်ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဩဂုတ်လ ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ရေလွှမ်းမိုးမှုမှာ အစိုးရအနေနဲ့ Mobile phone များအသုံးပြု၍ ဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် စီမံပေးခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ လျှော့ချနိုင်ခဲ့ပါတယ်။ ဤစနစ်ကို ကယ်ဆယ်ရေးလုပ်ငန်းများတွင် ထည့်သွင်းအသုံးချနိုင်ခြင်းကြောင့် ၂၀၀၈ ခုနှစ် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ရေလွှမ်းမိုးမှုမှာ ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်ကို မာန်မုန်တိုင်းရေဘေးမှာ ပခုက္ကူ ဆိပ်ဖြူဒေသတွေမှာ ကြီးမားတဲ့ရေလှိုင်းကြီးတွေ ရုတ်တရပ်ကျရောက်လာ၍ ရွာများကို တိုက်စားသွားသော်လည်း Mobile phone များဖြင့် အထပ်ဘက်ကျေးရွာများမှ အောက်ဘက်ကျေးရွာများကို ကြိုတင်သတင်းပေးမှုကြောင့် သေပျောက်မှုနဲ့ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေခဲ့ကြောင်း ဒေသခံများပြောကြားတာကို ကြားနာခဲ့ရပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ Mobile phone အသုံးပြု ဘေးအန္တရာယ်ကြိုတင်သတိပေးချက် အခမဲ့ထုတ်ပြန်ရေးဥပဒေကို ပြဋ္ဌာန်းပြီး ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Telenor၊ Ooredoo စတဲ့ တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများနှင့်အတူ ကျေးလက်နေပြည်သူအများစုဟာ Mobile phone များ သုံးစွဲနေကြပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ဆက်သွယ်ရေးကုမ္ပဏီများနှင့်ညှိနှိုင်း၍ Mobile phone အသုံးပြု ဘေးအန္တရာယ်ကြိုတင်အသိပေးချက် ထုတ်ပြန်ရေးစနစ်ကို ၎င်းတို့ရဲ့ လူမှုရေးဝတ္တရားတစ်ရပ်အနေနဲ့ ပြည်သူကို အခမဲ့ဝန်ဆောင်မှုပေးရန် ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများထုတ်ပြန်ဆောင်ရွက်ပါက နိုင်ငံတော်နှင့်

နိုင်ငံသားတို့ရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ စေတုတ္တရာဒေသကို တမံရေပြင်ကြီးတွေအောက်မှာ တထိတ်ထိတ်၊ တလန့်လန့် နေရတဲ့ ပြည်သူတွေအတွက် ငလျင်ဘေး၊ မုန်တိုင်းဘေး၊ ရေကြီးရေလျှံဘေးတွေ ကြုံတွေ့လာရင် ဘေးအန္တရာယ်ကြိုတင်သတိပေးချက်များဟာ အထူးအရေးတကြီးလိုအပ်လှပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် မိုဘိုင်းဖုန်းများအသုံးပြု၍ စာတိုးစနစ်သုံး ဘေးအန္တရာယ်ကြိုတင်သတိပေးချက် ထုန်ပြန်ရေးစနစ်( SMS DISASTER ALRETS SYSTEM) ဖြင့် ကြိုတင်သတိပေးခြင်းဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိသိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၏ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် မိုဘိုင်းဖုန်းများအသုံးပြု၍ စာတိုစနစ်သုံး ဘေးအန္တရာယ်ကြိုတင်သတိပေး ချက်ထုန်ပြန်ရေးစနစ် (SMS DISASTER ALRETS SYSTEM) ဖြင့် ကြိုတင်သတိပေးခြင်းဆောင်ရွက် ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရတဲ့အချိန်တွေမှာ သဘာဝဘေးအန္တရာယ်ကြိုတင်အသိပေးချက်ကို ဆက်သွယ်ရေးအော်ပရေတာများ ဖြစ်ကြတဲ့ MPT၊ Telenor နဲ့ Ooredoo တို့ရဲ့ မိုဘိုင်းဖုန်းများသို့ Short Message Service(SMS) ဖြင့်ပေးပို့ခြင်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှ စတင်ဆောင်ရွက်ပေးရန် ပြန်ကြားရေးဝန်ကြီးဌာနက ညှိနှိုင်းလာခဲ့ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက မိုဘိုင်းအော်ပရေတာများထံသို့ ပြန်ကြားရေး

ဝန်ကြီးဌာနက သဘာဝဘေးအန္တရာယ်ကြိုတင်အသိပေးတဲ့ SMS များပေးပို့လာပါက မိုဘိုင်းဖုန်းသုံးစွဲသူများထံသို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေးဆောင်ရွက်ပေးရန် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှာ အကြောင်းကြားခဲ့ပါတယ်။

ထို့အပြင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မှု၊ မုန်တိုင်းသတိပေးချက်၊ လေပြင်းတိုက်ခတ်မယ် သတိပေးချက်၊ မိုးကြီးမယ်သတိပေးချက်၊ အချိန်အခါမဟုတ် မိုးရွာမယ့်သတိပေးချက်နဲ့ ထူးခြားမိုးလေဝသအခြေအနေများစတဲ့ မိုးလေဝသဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်များကို လည်းကောင်း၊ မြစ်ရေကြီးမယ့်သတိပေးချက်၊ ထူးခြားမြစ်ရေမြင့်တက်လာမယ့် သတိပေးခက်စတဲ့ ဇလဗေဒဘေးအန္တရာယ်ဆိုင်ရာ အရေးကြီးတဲ့သတိပေးချက်များကိုလည်းကောင်း၊ ကြိုတင်မခန့်မှန်းနိုင်တဲ့ မြေငလျင်လှုပ်ရှားမှုများအတွက် မြေငလျင်သတင်းများကိုလည်းကောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်တဲ့ အကြိမ်တိုင်းမှာ ကြိုတင်သတိပေးချက်များကို မိုဘိုင်းဖုန်းသုံးစွဲသူများထံသို့ SMS ဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတစ်ဆင့်ပေးပို့ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို မိုးလေဝသနဲ့ဇလဗေဒညွှန်ကြားမှုဦးစီးဌာန SMS နဲ့ ပေးပို့ရေးဆောင်ရွက်တဲ့အပြင် လူမှုမီဒီယာ (Social Media) တစ်ခုဖြစ်တဲ့ Facebook မှာ Dmh Myanmar Page ဖြင့် လည်းကောင်း၊ Intern Website မှာ Website www.dmg.gov.mm ဖြင့်လည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒထုတ်ပြန်ချက်များနဲ့ သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြပေးလျက်ရှိတဲ့အပြင် Call Center တယ်လီဖုန်းနံပါတ် ၁၈၇၆၊ လိုင်းခွဲ(၄) မှဖြေကြားပေးလျက်ရှိပြီး တယ်လီဖုန်းနံပါတ် ၁၆၇-၄၁၁၂၅၂ နဲ့ ၀၁-၆၆၇၇၆၆ တို့မှ အလိုအလျောက် ဖြေကြားတဲ့စနစ်နဲ့လည်း ဖြေကြားပေးလျက်ရှိပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးချက်များကို ပြည်သူများထံသို့ SMS ပေးပို့ရန် ဆက်သွယ်ရေးအော်ပရေတာများနဲ့ ကနဦးဆွေးနွေးခဲ့ပြီး ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်များမှာ ဖြစ်ပွားခဲ့တဲ့ ရေဘေးတွေမှာ Pilot အနေနဲ့ မိုးလေဝသအခြေအနေသတိပေးချက်များကို SMS ဖြင့်ပေးပို့နိုင်ခဲ့ပြီး ဆက်လက်၍ အရေးကြီး (Alerts)များကို အခမဲ့ပေးပို့နိုင်ရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများနဲ့ ညှိနှိုင်းဆွေးနွေးသွားရန်ရှိပါတယ်။

ထို့အပြင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အခမ်းအနားမှာ သဘာဝဘေးကြိုတင်အသိပေးချက်များ၊ မိုးလေဝသအခြေအနေသတင်းများနဲ့ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ရန်အတွက် Disaster Alert Notification Mobile Application (Dan Myanmar) ကိုပြည်သူများထံသို့ စတင်မိတ်ဆက်ပေးခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများ၊ ဆင့်ပွားသင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာများအထိ သွားရောက်ပြုလုပ်ပေးခဲ့တဲ့အပြင် မိုဘိုင်းတယ်လီဖုန်းအရောင်းဆိုင်များကိုလည်း Application အသုံးပြုပုံနည်းစနစ်နဲ့ ထည့်သွင်းပေးခြင်းတို့ကို သွားရောက်ရှင်းလင်းပြောကြား ဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီ DAN Myanmar Mobile Application ကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိ အသုံးပြုနိုင်ရေးအတွက် application ကို Download ရယူထည့်သွင်းနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းတယ်လီဖုန်း သုံးစွဲသူတွေဆီကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် SMS ပေး ပို့ခဲ့ပါတယ်။ Disaster Alert Notification Mobile Application မှာ သတင်း၊ အရေးပေါ်၊ ဖုန်းနံပါတ်များ၊ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ ဆောင်ရန်/ရှောင်ရန်၊ ပညာပေးနဲ့ မိုးလေဝသ သတင်းအခြေအနေ၊ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်နဲ့ အရေးကြီးသတင်း (Alerts) ကဏ္ဍများ ထည့်သွင်းထားပြီး မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူတို့ထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ ဆောင်ရွက်လျက်ရှိတဲ့အပြင် Facebook မှာ Relief and Resettlement Department Myanmar Page နဲ့ Website www.rrdmyanmar.gov.mm တို့ပေါ်မှာလည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စဉ်ဆက်မပြတ် ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် တင်ပြခဲ့တဲ့နည်းလမ်းများနဲ့ ဆောင်ရွက်နေတဲ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို မိုဘိုင်းဖုန်းများ အသုံးပြု၍ SMS Disaster Alert System ဖြင့်ကြိုတင်သတိပေးခြင်းများ ပိုမိုအဆင်ပြေထိရောက်စေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး

ဝန်ကြီးဌာနနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အနေနဲ့ ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကလေးမြို့နယ်၊ မြစ်သာမြစ်ဝဲ/ယာရှိ ဒေသခံတောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသော ကူးတို့များအား လေလံစနစ်ဖြင့် လုပ်ကိုင်စေခဲ့သည့်စနစ်အစား ဒေသခံတောင်သူလယ်သမားအများစု ဦးစီးဆောင်ရွက်သော တောင်သူကူးတို့များဖြင့် ပြောင်းလဲလုပ်ပိုင်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ရှားမီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်မ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မ ဒီကနေ့မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်မရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ကလေးမြို့နယ်၊ မြစ်သာမြစ်ဝဲ/ယာမှာရှိတဲ့ ဒေသခံတောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသော ကူးတို့များအား လူမှုဘဝဖွံ့ဖြိုးတိုးတက်လာရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အစဉ်အလာဖြင့် တစ်လျှောက်လုံးလေလံစနစ်ဖြင့် လုပ်ငန်းရှင်များအား လုပ်ကိုင်စေခဲ့သည့်စနစ်အစား နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်သောအခွန်အခများ ရရှိစေပြီး ဒေသခံများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် ဒေသခံတောင်သူလယ်သမားအများစုဦးစီးဆောင်ရွက်သော တောင်သူကူးတို့များဖြင့် ပြောင်းလဲလုပ်ပိုင်ခွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ဒီမေးခွန်းကိုမေးရတဲ့ရည်ရွယ်ချက်ကတော့ မြစ်သာမြစ်ဝဲ/ယာမှာလုပ်ကိုင်စားသောက်နေထိုင်တဲ့ ကျေးရွာပေါင်း ၂၁ ရွာ၊ အိမ်ထောင်စုပေါင်း ၃၅၇၁ စုနဲ့ လူဦးရေ ၁၆၃၅၀ ဦးတို့ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက်ဖြစ်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ထဲကို စီးဆင်းတဲ့မြစ်သာမြစ်အရှည်ဟာ ၇၄ မိုင်ရှိပြီးတော့ ကလေးမြို့နှင့် ဂန့်ဂေါမြို့နယ်အစပ်နားမှာ ကြိုးတံတားငယ်တစ်စင်းသာရှိပါတယ်။ အဲဒီကြိုးတံတားဟာလည်း ကျေးရွာအနည်းငယ်ကိုသာ အကျိုးပြုနေတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရွာချင်းဆက်လမ်းအနည်းငယ်မျှသာရှိပြီးတော့ ရှိတဲ့လမ်းများဟာလည်း မိုးရာသီမှာ လုံးဝသွားလို့မရပါဘူး။

အခြားကျန်ရှိတဲ့ကျေးရွာများကတော့ မြစ်ကူး၊ ကူးတို့၊ စက်လှေများကိုသာ မဖြစ်မနေအားထားနေရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့မဲဆန္ဒနယ်မြေထဲကို မြစ်သာမြစ်ဖြတ်သန်းစီးဆင်းတဲ့အတွက် အကျိုးကျေးဇူးများစွာရရှိသလို ဒုက္ခတွေလည်းအတော်ကိုများပါတယ်။ ရေထွက်အင်အားကြီးမားပြီး ရေစီးသန်တာကြောင့် ရေတိုက်စားမှုများပြီး ရေကြောင်းပြောင်းလဲမှုမြန်ခြင်းနှင့်အတူ ရေမျက်နှာပြင်ကျယ်ပြန့်ခြင်းတို့လည်း ဖြစ်ပေါ်ပါတယ်။ ကောင်းကျိုးအနေနဲ့ကတော့ အဖိုးတန်လှတဲ့ မြေနုကျွန်းများစွာရရှိတာပဲဖြစ်ပါတယ်။ တောင်သူလယ်သမားများလုပ်ငန်းခွင်ဝင်ဖို့အတွက် မြစ်ကိုဖြတ်ကူးတဲ့အခါမှာ လူသာမက ခိုင်းနွားများနှင့် လယ်ယာသုံးပစ္စည်းများပါ သယ်ယူကြရတာဖြစ်ပါတယ်။ ဒါကတော့ တောင်သူလုပ်ငန်းခွင်နှင့်ပတ်သက်လို့ ဖြတ်သန်းကူးလူးတဲ့အပိုင်းပဲ ရှိပါသေးတယ်။ တောင်သူလုပ်ငန်းခွင်ကိုမှီခိုနေကြတဲ့ ထောင်ပေါင်းများစွာသော မိသားစုဝင်များရဲ့လူမှုဆက်နွယ်မှုတွေက ပိုလို့များတဲ့အတွက် သူတို့ရဲ့ဖြတ်သန်းသွားလာမှုကပိုများပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအထက်မှာတင်ပြခဲ့သလို မြစ်အရှေ့ဘက်ခြမ်းရှိ ရွာပေါင်း ၂၁ ရွာမှာရှိတဲ့အထဲကမှ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ချထားပေးပြီး လုပ်ကိုင်နေတဲ့ကူးတို့များကတော့ ၁၂ ခုရှိပါတယ်။ အဲဒီကူးတို့တွေကို လုပ်ငန်းချထားပေးခဲ့တဲ့စနစ်က ဈေးပြိုင်လေလံစနစ်ဖြစ်ပါတယ်။ အောင်မြင်သွားတဲ့လေလံဈေးနှုန်းများကတော့ အနိမ့်ဆုံး ၅၃၀၀၀၀ ကနေပြီးတော့ အများဆုံး ၂၇၀၀၀၀၀ ထိဖြစ်ပါတယ်။ လုပ်ငန်းရှင်များကကောက်ယူတဲ့ကူးတို့ခကတော့ နွားတစ်ကောင် ၃၀၀၀ ကျပ်၊ လူတစ်ယောက် ၅၀၀ ကျပ်၊ ဆိုင်ကယ်တစ်စီး ၅၀၀ ကျပ်၊ လူတစ်ဦး အသွား/အပြန်တစ်ခေါက်ကို ၂၀၀၀ ကျပ်ခန့်ဖြစ်ပါတယ်။ ဒေသခံများအနေနဲ့ ကူးတို့ခအဖြစ် တစ်နှစ်လျှင်သိန်းပေါင်း ၃၂၇ သိန်းကုန်ကျခံနေရတာဖြစ်ပါတယ်။ ဒီငွေကြေးတွေဟာ လုပ်ငန်းရှင်များရဲ့အမြတ်ငွေတွေမပါဝင်သေးပါဘူး။ တိုင်းပြည်တိုးတက်ဖို့အတွက် အခွန်အခများရရှိရေးဟာ မဖြစ်မနေလိုအပ်ပါတယ်။ အခွန်အခရရှိရေးကို အကြောင်းပြုပြီး လုပ်ငန်းရှင်များကို အပြိုင်အဆိုင်ဈေးပြိုင်စေခြင်းဟာ အခြားနေရာများမှာ သင့်တော်ပေမဲ့ ကျွန်မတင်ပြတဲ့ကျေးရွာချင်းဆက်လမ်းများမရှိဘဲ သီးခြားဒေသတစ်ခုလိုဖြစ်နေပြီးတော့ ဖွံ့ဖြိုးမှုလွန်စွာအားနည်းလွန်းလှတဲ့ မြစ်သာမြစ်ဝဲ/ယာမှာရှိတဲ့ ကျေးရွာများအတွက်ကတော့ ရေနစ်ရာ ဝါးကူထိုးဆိုသလိုဖြစ်နေပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် ကလေးမြို့နယ်၊ မြစ်သာမြစ်ဝဲ/ယာရှိ ဒေသခံတောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ကူးတို့များအား ဒေသခံများရဲ့လူမှုဘဝဖွံ့ဖြိုး

တိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် အစဉ်အလာဖြင့် တစ်လျှောက်လုံး လေလံစနစ်ဖြင့် လုပ်ငန်းရှင်များ လုပ်ကိုင်စေခဲ့တဲ့စနစ်အစား နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်သောအခွန်အခများ ရရှိစေပြီး ဒေသခံများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့ ဒေသခံတောင်သူလယ်သမားအများစု ဦးစီးဆောင်ရွက်သော တောင်သူကူးတို့များအဖြစ် ပြောင်းလဲလုပ်ကိုင်ခွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ အား သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ရှားမီး၏ စစ်ကိုင်းတိုင်းဒေသကြီး၊ လေးမြို့နယ်၊ မြစ်သာမြစ်ဝဲ/ယာရှိ ဒေသခံတောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသောကူးတို့များအား လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အစဉ်အလာဖြင့် တစ်လျှောက်လုံးလေလံစနစ်ဖြင့် လုပ်ငန်းရှင်များအား လုပ်ကိုင်စေခဲ့သည့်စနစ်အစား နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်အခများရရှိစေပြီး ဒေသခံများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် ဒေသခံတောင်သူလယ်သမားအများစုဦးစီးဆောင်ရွက်သော တောင်သူကူးတို့များဖြင့် ပြောင်းလဲလုပ်ကိုင်ခွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် မြန်မာ့ကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်းသွား သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ရေတိမ်ရေယာဉ်တွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း လုပ်ထုံးလုပ်နည်းများနဲ့အညီ မြန်မာ့ကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့နဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အသီးသီးရဲ့ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပတဲ့ အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၈၉)က ဆုံးဖြတ်ထားချက်အရ စက်မြင်းကောင်ရေ ၂၀ အောက်ရေယာဉ်များ မှတ်ပုံတင်ခြင်း လုပ်ငန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ ကူးတို့လိုင်းများမှာ ပြေးဆွဲနေတဲ့ ရေယာဉ်တွေဟာ စက်မြင်းကောင်ရေ ၂၀ အောက် ရေယာဉ်တွေဖြစ်လို့ အဲဒီကူးတို့ ရေယာဉ်တွေ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ၂၀၁၅ ခုနှစ်၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစေရေး အတွက် ကျန်ရေယာဉ်များနည်းတူ စစ်ဆေးမှုများပြုလုပ်ပြီး ရေယာဉ်ပေါ်လိုက်ပါမယ့်ခရီးသည်ဦးရေ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါတယ်။

စည်ပင်သာယာရေးအဖွဲ့များဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ်(၅/၉၃)ကို ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး အဲဒီဥပဒေအခန်း(၉)ပုဒ်မ ၂၇ မှ ၃၅ အထိတွင် ကူးတို့လုပ်ငန်းလုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များက ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းချက်များ ပါရှိပါတယ်။ အဆိုပါပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ မြစ်ကူး၊ ချောင်းကူး၊ ကူးတို့လုပ်ငန်းများကို လေလံစနစ်ဖြင့်ခွင့်ပြု ဆောင်ရွက်လျက်ရှိခြင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကလေးမြို့၊ မြစ်သာမြစ် ဝဲ/ယာရှိ ဒေသခံတောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကလေးမြို့၊ မြစ်သာမြစ် ဖြတ်ကူးသော တောင်သူကူးတို့အဖြစ် ဟဲလုပ်ကူးတို့ကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဟဲလုပ်ကူးတို့နှင့် အင်ကျွန်းကူးတို့ လုပ်ငန်းနှစ်ခုကို တောင်သူဦးစီးသော တောင်သူကူးတို့အဖြစ် လေလံချထားပေးပြီးဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ရွှေကူမြို့နယ်၊ ကုန်းလမ်းပို့ဆောင်ရေးဌာန(ကညန)ရုံးခွဲ (OSS) ဖွင့်ပေးရန် အစီအစဉ်ရှိမရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကူဆန္ဒနယ်မှ ဦးဇာနည်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေကူမြို့နယ်၊ ကုန်းလမ်းပို့ဆောင်ရေးဌာန(ကညန)ရုံးခွဲ (OSS)ဖွင့်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ ရွှေကူမြို့နယ်မှာ နေ့စဉ်နှင့်အမျှ အသုံးပြုနေတဲ့ ယာဉ်တွေရဲ့စာရင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ ယာဉ်မောင်းလိုင်စင်လျှောက်ထားနိုင်သူရဲ့လူဦးရေနဲ့ ယာဉ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အသုံးပြုနေကြတဲ့လူဦးရေ ငါးသောင်းခန့်ရှိတယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ဖော်ပြခြင်းဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဒီယာဉ်မောင်းလိုင်စင်အသုံးပြုနေတဲ့သူဆီမှာ လိုင်စင်ရှိတဲ့သူရှိသလို မရှိတဲ့သူက အတော်များများရှိတဲ့အတွက် အဲဒီမှာ လိုအပ်ချက်၊ အားနည်းချက်ကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အဲဒီမှာ ဝန်ထမ်းတွေရဲ့ စိတ်ပိုင်းဆိုင်ရာကို ကျွန်တော်တို့ ပြောင်းလဲဖို့လိုပါလိမ့်မယ်။ ဝန်ထမ်းတွေရဲ့စိတ်ပိုင်းဆိုင်ရာဆိုတာ ဝန်ထမ်းတွေက ဝန်ဆောင်မှုပေးတဲ့သူလို့ မိမိကိုယ်ကိုမိမိမသိဘဲနဲ့ သူတို့ကလာရောက်ပြီးမှ ဒီမှာ ကျွန်တော်တို့မြို့ကို ယာဉ်မောင်းလိုင်စင်တွေလာလုပ်ပေးတယ်။ လုပ်ပေးတဲ့အခါကျရင် သူတို့က အခွင့်အရေးတစ်ရပ်ကဲ့သို့ပဲ ဒါအရင်အစိုးရလက်ထက်မှာဆိုလို့ရှိရင် ဒါ သူတို့တွေကို တကယ်စားသောက်ဆိုင်မှာ ကြီးကြီးကျယ်ကျယ် ခန်းခန်းနားနားနဲ့ ဧည့်ခံနေရတာ ပြည်သူ့ဆီကအပိုငွေကောက်ပြီးဧည့်ခံနေရတာဆိုတာ ဒါ ကျွန်တော်တို့လက်တွေ့ သိရှိခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခါ မြို့နယ်တိုင်းမှာလည်း ဒီရုံးခွဲတွေ ဖွင့်လှစ်ထားနိုင်မယ်ဆိုလို့ရှိရင် ဒီပြဿနာတွေပြေလည်သွားမယ်ဆိုတဲ့အကြောင်းကိုလည်း အကြံပြုလိုခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ ပြည်သူတွေကလည်း ခုနကပြောသလို တာဝန်ခံမှု၊ တာဝန်ယူမှုတွေမရှိတဲ့အခါကျတော့ ပညာပေးခြင်းလုပ်ငန်းတွေ နောက်တစ်ခါ ဌာနကနေပြီးတော့မှ စည်းရုံးလှုံ့ဆော်ခြင်းတွေ လုပ်မယ်ဆိုလို့ရှိရင် အဆင်ပြေမယ့်အကြောင်းကို ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ နောက်တစ်ခါ ရေတိုစီမံချက်ကကျတော့ ကျွန်တော်တို့ ဒီယာဉ်မောင်းလိုင်စင်လုပ်မယ်ဆိုရင် ကျွန်တော်တို့မြို့နယ်ကို နှစ်ရက်သော်လည်းကောင်း၊ သုံးရက်သော်လည်းကောင်း ရေတိုစီမံချက်နဲ့လာလုပ်တဲ့အတွက်ကြောင့် ပြည်သူတွေက သတင်းအချက်အလက်ကို သိရှိတဲ့သူလည်းသိရှိသလို အဲဒီမှာ လူတွေရဲ့ပွတ်သိပ်ပြီးမှ ဝန်ဆောင်မှုညံ့ဖျင်းတဲ့အနေအထားမျိုးရှိတဲ့အတွက်ကြောင့် ဒါ ယာဉ်မောင်းလိုင်စင်လုပ်တာတွေ၊ ယာဉ်လိုင်စင်သက်တမ်းတိုးတာတွေကို

ထိရောက်မှုမရှိတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ပြောခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုဆိုတာ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးဖို့လာလို့ရှိရင် ဒီအဖွဲ့တွေက ပွင့်လင်းမြင်သာအောင် ယာဉ်တွေကိုဘယ်လောက်တန်ဖိုးသတ်မှတ်ထားတယ်။ နောက် ပြည်သူတွေက ဘယ်လောက်ထိ ဒီဟာက တရားဝင်အနေနဲ့ ယာဉ်မောင်းလိုင်စင်ရအောင် ဘယ်လိုလုပ်ဆောင်ရမယ် ဆိုတာကို ပွင့်လင်းမြင်သာမှုရှိအောင် ဖော်ပြနိုင်ခြင်းမရှိ အားနည်းတာကိုလည်း တွေ့ရပါတယ်။ ဒါကတော့ ကျွန်တော် ဒီမှာ ရည်ရွယ်ချက်ကတော့ အစီအစဉ် Leadership လို့သုံးလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ဒီလိုမျိုးလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံသားတွေက မိမိကိုယ် မိမိ တာဝန်သိပြီးမှ လိုက်ပါဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဖော်ဆောင်နေတဲ့ ဒီမိုကရေစီကို သွားဖို့လွယ်ကူမှာဖြစ်တဲ့အကြောင်း ပြောချင်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ ဒီဝန်ဆောင်မှု လုပ်ငန်းတွေ လုပ်မယ်ဆိုလို့ရှိရင် ဒီ ဗန်းမော်ရုံးကိုဆက်သွယ်ပြီးမှ Paper စနစ်နဲ့ E စနစ်နဲ့ ပေးပို့မယ် ဆိုလို့ရှိရင် ဒီရဲ့လုပ်ငန်းဟာ ချောမွေ့မယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ သက်ဆိုင်တဲ့မြို့နယ်မှာဆိုရင်လည်း ဌာနဆိုင်ရာတွေနဲ့ လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်လည်း ဒီဝန်ဆောင်မှုက အကျိုးသက်ရောက်မယ် ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်။ ဒါကတော့ အကျိုးရလာဒ်တွေပါ။ ကျွန်တော်တို့ ဒီ (က.ည.န)ရုံးခွဲကို ရွှေကူမှာဖွင့်လှစ်မယ်ဆိုလို့ရှိရင် ဒီအကျိုးရလာဒ်တွေ ခြောက်ချက်မက ထွက်လာမယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါ အကြောင်းအရာကိစ္စနဲ့ပတ်သက်ပြီးမှ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်မှာ မော်တော်ယာဉ်များကို ဥပဒေနဲ့အညီ စနစ်တကျစီမံခန့်ခွဲနိုင်ရန် ပြည်သူများအဆင်ပြေချောမွေ့မှုမှ ဝန်ဆောင်မှုစနစ်ကို အစဉ်မပြတ်၊ စဉ်ဆက်မပြတ် အပြည့်အဝအာခမံချက်ပေးနိုင်တဲ့ ကုန်းလမ်းပို့ဆောင်ရေးဌာနက နေပြီးတော့မှ (က.ည.န) ရုံးခွဲ(OSS)အနေဖြင့် ဖွင့်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၏ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်တွင် မော်တော်ယာဉ်များကို

ဥပဒေနှင့်အညီ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက်လည်းကောင်း၊ ပြည်သူများ အဆင်ပြေချောမွေ့နိုင်စေရန်အတွက်လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)ရုံးခွဲ (OSS) အနေဖြင့် အစဉ်မပြတ်ဖွင့်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ရွှေကူမြို့နယ်ဟာ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်တွင်ပါဝင်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က.ည.န)ရဲ့ ဗန်းမော်ခရိုင်ရုံးက တာဝန်ယူဆောင်ရွက်တဲ့ မြို့နယ်လေးမြို့နယ်အနက် တစ်မြို့နယ်ဖြစ်ပါတယ်။ ဗန်းမော်ခရိုင်ရုံးရဲ့ မှတ်တမ်းများအရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရွှေကူမြို့နယ်လိပ်စာနဲ့ မော်တော်ယာဉ် ၈၅ စီး၊ နှစ်ဘီးတပ်၊ သုံးဘီးတပ်၊ ထရော်လာဂျီ ၂၄၆၅ စီး စုစုပေါင်းယာဉ်စီးရေ ၂၅၅၀ စီးနဲ့ ယာဉ်မောင်းလိုင်စင် ၄၈၆၅ စောင် မှတ်ပုံတင်ထားရှိကြောင်း တွေ့ရှိရပါတယ်။ (ကညန)ဗန်းမော် ခရိုင်ရုံးအနေနဲ့ ရွှေကူမြို့နယ်သို့ မော်တော်ယာဉ်နဲ့ ယာဉ်မောင်းလိုင်စင်လုပ်ငန်းများကို နယ်လှည့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ယခု ၂၀၁၇ ခုနှစ်အတွက် မတ်လနှင့်ဇွန်လတို့တွင် ဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍ စက်တင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီလို ကွင်းဆင်းဆောင်ရွက်တဲ့အခါတွေမှာ မြို့နယ်ပြည်သူများယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပိုမိုနားလည်စေရေးအတွက် ဟောပြောပွဲများကျင်းပခြင်း၊ ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကိုလည်း တစ်ပါတည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ (ကညန)ရဲ့ရုံးခွဲ(OSS)တစ်ခုအနေနဲ့ ရွှေကူမြို့မှာ အစဉ်မပြတ်ဖွင့်လှစ်ပေးရေးကိစ္စနှင့်စပ်လျဉ်းပြီး ကချင်ပြည်နယ်၊ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) ဖွင့်လှစ်ရေးကြီးကြပ်မှုကော်မတီက (OSS) လုပ်ငန်းဆောင်ရွက်ရန် ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းပေးထားတဲ့ဌာန ၉ ဌာနတွင် (ကညန)က ပါဝင်ခြင်းမရှိတဲ့အတွက် ရွှေကူမြို့အပါအဝင် ဗန်းမော်ခရိုင်အတွင်းရှိ မြို့များမှာ (ကညန) ရုံးခွဲ(OSS) ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီအပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ (ကညန)ရဲ့ လက်ရှိခွင့်ပြုဖွဲ့စည်းပုံအရ ရုံးချုပ်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဆိုင်ရာ တိုင်းဒေသကြီး၊ တိုင်းဒေသကြီးရုံးခွဲ၊ ပြည်နယ်ရုံး၊ ပြည်နယ်ရုံးခွဲ၊ တွဲဖက်ပြည်နယ်ရုံး၊ ခရိုင်ရုံး စုစုပေါင်း ၅၅ ရုံးဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက် ပေးလျက်ရှိပြီး မြို့နယ်အဆင့်ရုံးဖွင့်လှစ်ထားခြင်းမရှိပါ။ မြန်မာတစ်နိုင်ငံလုံးတွင် ခရိုင်ပေါင်း ၇၅ ခရိုင်ရှိတဲ့အနက် ၃၅ ခရိုင်မှာသာ (ကညန) ခရိုင်ရုံးများ ဖွင့်လှစ်ထားရှိနိုင်သေးပါတယ်။ ကညနရဲ့ ခရိုင်ရုံးတစ်ရုံးဖွင့်လှစ်ရာမှာ အဲဒီခရိုင်အတွင်းရှိ ယာဉ်စီးရေ၊ ယာဉ်မောင်းလိုင်စင်စောင်ရေ၊ ဒေသတွင်းအချက်အချာကျမှုစသဖြင့် အကျုံးဝင်တဲ့

အချက်အလက်တွေကို အခြေခံစဉ်းစားပြီး အလိုအပ်ဆုံးခရိုင်တွေမှာ ခရိုင်ရုံးများဖွင့်လှစ်ပေးခြင်း ဖြစ်ပါတယ်။ အဲဒီအပြင် ရုံးအသစ်တစ်ရုံးဖွင့်လှစ်မယ်ဆိုရင် ရုံးဆောက်လုပ်ဖို့ မြေနေရာရှာဖွေ တောင်းခံခြင်း၊ နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေငွေစာရင်းမှ ရုံးအဆောက်အဦ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက်ကိရိယာ၊ ယာဉ်စစ်ဆေးရေးစက်ကိရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းတွေအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များ တောင်းခံခြင်း၊ ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲ၍ ဝန်ထမ်းများတောင်းခံရခြင်း၊ ခန့်ထားမည့် ဝန်ထမ်းများ၏ လစာစရိတ်များကျခံရန်အတွက် သာမန်အသုံးစရိတ်ဘတ်ဂျတ်ခွင့်ပြုငွေ တင်ပြတောင်းခံခြင်းများ ဆောင်ရွက်ရပါတယ်။ အဲဒီအတွက်ကြောင့် မြို့နယ်တွေမှာ မော်တော်ယာဉ် စီးရေ၊ ယာဉ်မောင်းလိုင်စင်စောင်ရေနည်းပါးသဖြင့် ရုံးဖွင့်လှစ်ခြင်းမပြုဘဲ ပြည်သူများအဆင်ပြေ စေရေးအတွက် နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ရွှေကူမြို့နယ်အတွင်းရှိ ပြည်သူများ အဆင်ပြေစေရေးအတွက် နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးတဲ့နေရာမှာ တစ်ကြိမ်လျှင် လေးရက် ဆောင်ရွက်ပေးလျက်ရှိရာမှာ ငါးရက်အထိ တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့်လည်းကြောင်း၊ တစ်နှစ်လျှင် လေးကြိမ်ဆောင်ရွက်ပေးလျက်ရှိရာမှ ငါးကြိမ်အထိ တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် လည်းကောင်း၊ လိုအပ်လာတဲ့အချိန်မှာ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးရန် ဒေသဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ ညှိနှိုင်းလာပါကလည်းကောင်း ဆောင်ရွက်ပေးသွား မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ ဝန်ကြီး ကလည်း အခုလိုပြည့်ပြည့်စုံစုံ ဖြေကြားသွားပေးတဲ့အတွက် ရွှေကူမြို့နယ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ဝန်ကြီးဖြေသွားတဲ့နေရာမှာ ကျွန်တော်တို့ရဲ့မြို့နယ်ကို မတ်လကလည်းလုပ်ခဲ့တယ်။ လာမယ့်ဒီဇင်ဘာလမှာလည်း ဒီ မိုဘိုင်းအနေနဲ့ လုပ်ပေးမယ်ပေါ့။ အဲဒီလိုလုပ်ဆောင်ပေးတဲ့နေရာမှာ ဒါဟာ ထိရောက်မှုမရှိနေဘူးဆိုတာ ကျွန်တော့် အနေနဲ့ တွေ့ရှိရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့က ယာဉ်တွေ လိုင်စင်လုပ်ထား သော်လည်း သက်တမ်းမတိုးဘဲနဲ့ ရှိနေတဲ့ယာဉ်တွေလည်း အများကြီးရှိပါတယ်။ နောက်တစ်ခါ ဒီ ယာဉ်စည်းကမ်းဥပဒေမှာပြဋ္ဌာန်းထားတယ်။ ဒီယာဉ်ကိုဝယ်ယူလိုက်လို့ ပိုင်ရှင်အနေနဲ့ ခြောက်လ အတွင်းမှာ အမည် Foam ပြောင်းလဲရမယ်ဆိုတာကိုလည်း ပြောင်းလဲခြင်းမရှိဘဲနဲ့ ဒီလိုပဲ ယခင်အနေ

နဲ့ပဲ လုပ်ဆောင်နေတာလည်း အားလုံးလိုလိုဖြစ်နေပါတယ်။ အဲဒီအတွက် ဒီထက် ဝန်ကြီးအနေနဲ့က လည်း ဒါဟာ ရုံးခွဲအနေနဲ့ ဖွင့်လှစ်ပေးနိုင်ခြင်းမရှိဘူးလို့ ဖြေကြားသွားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုလက်ရှိ အခြေအနေထက် ထိရောက်အောင် ရေရှည်အတွက်ကို ဘယ်လိုအစီအမံရှိသလဲဆိုတာကို သိလိုတဲ့အနေနဲ့ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဇာနည်မင်း ရဲ့ ဆက်စပ်မေးခွန်းအတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ပြီးတော့ မှန်ပါတယ်။ ကျွန်တော်တို့တွေဟာ ကျွန်တော်တို့အစိုးရတက်ပြီးကတည်းက အခြားသောဝန်ကြီးဌာနများနဲ့နည်းတူ ကျွန်တော်တို့ ဝန်ကြီး ဌာနကလည်း ဌာနအသီးသီးမှာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက် ဖို့အတွက်ကို ကျွန်တော်တို့ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ထိရောက်မှုကတော့ ရာနှုန်းပြည့် နေရာတိုင်းမှာကျွန်တော်တို့ ရှိချင်မှရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့က ခုန မြို့နယ်အဆင့်အထိ ခုနပြောသလို မိုဘိုင်းနဲ့ ကွင်းဆင်းနယ်လှည့်ဆောင်ရွက်ပေးတဲ့နေရာမှာ အထူးသဖြင့် ယခုကိစ္စရပ်မှာ ဖြစ်တဲ့ (က.ည.န)အနေနဲ့က ပိုပြီးတော့ ထိထိရောက်ရောက်နဲ့ စောစောကလွှတ်တော်ကိုယ်စားလှယ် ကြီးတင်ပြသွားသလို ဝန်ထမ်းတွေရဲ့ စိတ်ပိုင်းဆိုင်ရာကအစ ကျွန်တော်တို့ ပြည်သူ့ဝန်ဆောင်မှုကို အပြည့်အဝပေးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ (က.ည.န)ကို လိုအပ်သလိုညွှန်ကြား ပြီးတော့ သူတို့မှာလည်း ထပ်ဆင့်ပြီးတော့ ကျွန်တော်တို့ ထိရောက်စွာ ညွှန်ကြားသွားစေမှာဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေကြမ်းကို ၂၈-၇-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေး တင်ပြပါတယ်။

## ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန်ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမြင့်လွင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ ၁၈၂၄ ခုနှစ်မှာ အင်္ဂလိပ်နဲ့ ပထမစစ်ပွဲဖြစ်ပွားပါတယ်။ ဖြစ်ပွားပြီးတဲ့အခါမှာ တနင်္သာရီရယ်၊ ရခိုင်ရယ်၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေကို ကျွန်တော်တို့ ဆုံးရှုံးလက်လွှတ်လိုက်ရပါတယ်။ အဲဒီလိုဖြစ်ပြီးတော့ မကြာခင်မှာ အနောက်နိုင်ငံက သုတေသနအဖွဲ့တစ်ခုက လာပြီးတော့ သုတေသနလုပ်ပါတယ်။ လုပ်တဲ့အခါ သူတို့ဘာတွေ့လဲဆိုတဲ့အခါကျတော့ အင်္ဂလိပ်ကသိမ်းထားတဲ့ ကျွန်တော်တို့ရဲ့ဒေသက ပြည်သူတွေရဲ့ စာတတ်မြောက်နှုန်းက အင်္ဂလန်ကျွန်းပေါ်က လူတွေရဲ့စာတတ်မြောက်နှုန်းထက် အများကြီးမြင့်နေတယ်ဆိုတာကို သွားတွေ့ပါတယ်။ သူတို့ အံ့သြသွားကြပါတယ်။ ဒါက အချက်တစ်ချက်ပါ။ နောက်တစ်ချက်က ၁၉၇၀ ခုနှစ်၊ ၁၉၇၀ ခုနှစ်ကျော်ကာလတွေမှာ တက္ကသိုလ်ကျောင်းသားတွေ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက တက္ကသိုလ်ကျောင်းသားတွေ အ,သုံးလုံး

လှုပ်ရှားမှုလုပ်ပါတယ်။ အဲဒီအခါမှာ ကျေးရွာတွေအရောက်ကိုသွားပြီးတော့ လှုပ်ရှားမှုတွေလုပ်တဲ့အခါကျတော့ မြန်မာနိုင်ငံရဲ့စာတတ်မြောက်မှုနှုန်းက အဲဒီအချိန်တုန်းက ၉၀၊ ၉၂၊ ၉၃ ရာခိုင်နှုန်းလောက်ထိ ဖြစ်လာတယ်ဆိုတာ သိရပါတယ်။ အရှေ့တောင်အာရှဒေသမှာဆိုရင်လည်း စာတတ်မြောက်မှုနှုန်းက အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့တယ်လို့တောင် ပြောလို့ရပါတယ်။ ဒါက အနေအထားတစ်ခုပါ။

နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံရဲ့စာပေသမိုင်းမှာ ပုဂံခေတ် ရာဇကုမာရ်ကျောက်စာက စတွက်မယ်ဆိုရင် နှစ်ပေါင်း ၁၀၀၀ ကျော်ခဲ့ပါပြီ။ အဲဒီတော့ ကျွန်တော်တို့ရဲ့စာပေသက်တမ်းက သိပ်ပြီးတော့ကြီးကျယ်ခမ်းနားပါတယ်။ ဆရာမောင်သုရဲ့စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ဆရာကြီး ဦးဖေမောင်တင်ရဲ့ မြန်မာစာပေသမိုင်း ဒီစာအုပ်နှစ်အုပ်ကိုလေ့လာကြည့်လိုက်တာနဲ့ ကျွန်တော်တို့နိုင်ငံရဲ့စာပေသမိုင်းဟာ ဘယ်လောက်ခမ်းနားကြီးကျယ်သလဲဆိုတဲ့အချက်ကို ဒါ မြင်နိုင်ပါတယ်။ အဲဒီတော့ ဒါက ကျွန်တော်တို့နိုင်ငံကပြည်သူတွေဟာ စာတတ်တယ်။ ကျွန်တော်တို့စာပေသမိုင်းက ကြီးကျယ်ခမ်းနားတယ်။ အဲဒီတော့ ဒီအချက်တွေနဲ့ဆက်စပ်ပြီးတော့ ကျွန်တော်တို့က နောင် ကျွန်တော်တို့ နိုင်ငံရဲ့ဖွံ့ဖြိုးမှုက ဘယ်လိုအဆင့်ထိရောက်သွားလဲဆိုတာ ဒါ အားလုံးအသိပါပဲ။ ဒီလောက်စာတတ်ပြီးတော့၊ ဒီလောက်စာပေခမ်းနားကြီးကျယ်တဲ့သမိုင်းရှိတဲ့နိုင်ငံတစ်ခုက ဘာဖြစ်သွားတာလဲ။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ စာကြည့်တိုက်တွေအကြောင်းနဲ့ပတ်သက်ပြီးတော့ ဆက်စပ်ပြီး ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့စာကြည့်တိုက်က လွတ်လပ်ရေးမရခင်ကာလကတည်းက တော်တော်လေးကို စတင်ပြီးတော့ ဖွံ့ဖြိုးခဲ့တဲ့အနေအထားရှိပါတယ်။ အဲဒီတော့ စာကြည့်တိုက်တွေ ဖွံ့ဖြိုးမှုနဲ့အတူ စာဖတ်နှုန်းကလည်း မြင့်မားပါတယ်။ ၁၉၆၀ ခုနှစ်၊ ၁၉၇၀ ခုနှစ်လောက်ကဆိုရင် ပုဂံစာအုပ်တိုက်တို့၊ ဘာတို့က ထုတ်တဲ့စာအုပ်ကြီးတွေ၊ ဂန္ထဝင်စာအုပ်ကြီးတွေဆိုလို့ရှိရင် အုပ်ရေသောင်းနဲ့ချီပြီးတော့ ရိုက်နှိပ်ထုတ်ဝေရတာပါ။ အရှေ့ကနေဝန်းထွက်သည့်ပမာတို့၊ ဘုံဘဝမှာဖြစ်ဆိုလို့ရှိရင် ခြောက်ကြိမ်၊ ခုနစ်ကြိမ် ဒီလိုရိုက်ရပါတယ်။ အုပ်ရေဆိုရင် သိန်းနဲ့ချီပြီးတော့ ရိုက်ရပါတယ်။ ဒါပေမဲ့ အခု မကြာသေးခင်ကပဲ နာမည်ကြီးစာရေးဆရာမလေးတစ်ယောက်ရဲ့ဝတ္ထုဆိုရင် ကျွန်တော် ဝယ်ပြီးတော့ ဖတ်ကြည့်ပါတယ်။ အဲဒီမှာ အုပ်ရေ ၅၀၀ ဒီလိုသွားပြီးတော့ တွေ့ပါတယ်။ ကျွန်တော်တို့ အခုချိန်မှာ လူဦးရေက ၅၁ သန်း၊ အရင်တုန်းက ကျွန်တော်တို့ လူဦးရေ သန်း ၃၀ လောက်မှာ အုပ်ရေက သိန်းနဲ့ချီပြီး ရိုက်ရတယ်။ အခု ကျွန်တော်တို့က အုပ်ရေ ၅၀၀။ ဒါတွေကလည်း ကျဆင်းသွားတာ။ အဲဒီတော့ ကျွန်တော်တို့က စာကြည့်တိုက်တွေကိုဖွံ့ဖြိုးအောင် လုပ်လည်းလုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့ တကယ်တော့ပစ်မှတ်ကို ကျွန်တော်တို့က မထိခဲ့တဲ့အနေအထားမျိုးဖြစ်နေပါတယ်။

ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့အစိုးရအဆက်ဆက်က တာဝန်ရှိသူတွေက ကျေးရွာတွေမှာ စာကြည့်တိုက်တွေပေါ်အောင်ဆိုပြီးတော့ အမျိုးမျိုးကြိုးစားခဲ့ပါတယ်။ ပြီးခဲ့တဲ့ကာလတုန်းကဆိုရင် ဝန်ကြီးတစ်ယောက်ကဆိုရင် ရွာတိုင်းမှာ စာကြည့်တိုက်ရှိရမယ်ဆိုတဲ့ရည်မှန်းချက်နဲ့ လုပ်ခဲ့ပါတယ်။ လုပ်လည်းလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ တကယ့်တကယ်ကျတော့ လက်တွေ့မှာတော့ စာကြည့်တိုက်တွေဟာ မအောင်မြင်ခဲ့ပါဘူး။

ကျွန်တော်တို့နိုင်ငံမှာ အခု စာကြည့်တိုက်ရဲ့နောက်ဆုံးအခြေအနေပေါ့။ အခု လက်ရှိရောက်နေတဲ့အခြေအနေတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် နည်းနည်းလောက်၊ အကြမ်းဖျင်းလောက်သိနိုင်အောင် Power Point နဲ့ ကျွန်တော် ပြပါရစေ။ ဒါက ကျွန်တော် သွားရောက်လေ့လာခဲ့တဲ့ စာကြည့်တိုက်တစ်ခုရဲ့အခြေအနေပါ။ စာကြည့်တိုက်မှာစာအုပ်မရှိဘဲနဲ့ ခုံတွေပဲရှိပါတယ်။ ခုံတွေလည်း အခုမြင်တွေ့ရတဲ့အတိုင်းပါပဲ။ ဒါကလည်း စာကြည့်တိုက်ပါ။ အဆောက်အဦလေးကတော့ သားနားပါတယ်။ ခမ်းခမ်းနားနားရှိပါတယ်။ ဒါပေမဲ့ စာအုပ်စင်တွေမှာစာအုပ်တွေလုံးဝမရှိဘဲ စာဖတ်သူဆိုတာကတော့ လုံးဝကိုမလာပါဘူး။ ဒါကတော့ စာကြည့်တိုက်ပါ။ စာကြည့်တိုက်လို့တောင် ပြောရဖို့ တော်တော်ခက်နေပါပြီ။ မုန့်ဟင်းခါးဆိုင်လိုလို၊ ဘာလိုလိုဖြစ်နေပါတယ်။ အဲဒီတော့ အကုန်လုံး အိုး၊ ခွက်၊ ပန်းကန်တွေသိမ်းတဲ့နေရာ စတိုခန်းလို ဖြစ်နေပါတယ်။ ဒါကလည်း စာကြည့်တိုက်ပါပဲ။ စာကြည့်တိုက်ဆိုတာ ဖွင့်တာကတော့ စာကြည့်တိုက်အနေနဲ့ဖွင့်တာပါပဲ။ ပညာရွှေအိုးလူမခိုး။ စာအုပ်တစ်အုပ်မှမရှိပါဘူး။ အဲဒီတော့ ဒီအခြေအနေတွေကို ကျွန်တော်တို့ မြင်တွေ့နိုင်ပါတယ်။ ဒါကတော့ တော်တော့်ကိုအခြေအနေဆိုးတဲ့ စာကြည့်တိုက်လို့ပြောရမှာပါ။ ဒါက စာကြည့်တိုက်အစစ်ပါ။ ရှေ့မှာ ကျွန်တော် စာကြည့်တိုက်ရဲ့နံမည်ဆိုင်းဘုတ်ကို မရိုက်ပြချင်လို့ပါ။ အထဲထဲမှာ အမှိုက်တွေဖြစ်နေတယ်။ အကုန်လုံးမြေဆီအိတ်တွေ တင်ထားတဲ့အနေအထားပါ။ ဒါကတော့ စာကြည့်တိုက်ဆိုပေမဲ့လည်း စာအုပ်တစ်အုပ်မှမရှိဘဲနဲ့ လူတွေလာပြီးတော့၊ ထိုင်ပြီးတော့ အပန်းဖြေအနားယူပြီးတော့ လုပ်နေကြတဲ့အနေအထားမျိုးပါ။ ဒါကတော့ စာကြည့်တိုက်။ စာအုပ်တွေတော့ရှိပါတယ်။ ဒါပေမဲ့ စာအုပ်တွေ၊ ပစ္စည်းပရိဘောဂမစုံလင်တဲ့အတွက် ဖြစ်သလိုတင်ထားရတဲ့ အနေအထားပါ။ ဒါကတော့ စာကြည့်တိုက်မှာ ဘာမှမရှိတော့ဘဲနဲ့ ရေတွေပဲဝင်နေတဲ့ စာကြည့်တိုက်ပါ။ ဖတ်မယ်ဆို ရေတွေပဲဖတ်လို့ရပါတယ်။ ဒါကလည်း စာကြည့်တိုက်တစ်ခုပါပဲ။ အဲဒီစာကြည့်တိုက်တွေဟာ ဒီလိုအခြေအနေမျိုးရောက်နေတယ်ဆိုတာကို ကျွန်တော်တို့အားလုံး သဘောပေါက်ဖို့အတွက် ကျွန်တော် တင်ပြနေတာဖြစ်ပါတယ်။ ဒါပါပဲ။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

အဲဒီတော့ ကျွန်တော် ပြောချင်တာက စာကြည့်တိုက်ဆိုတာက အားလုံးသိတဲ့အတိုင်း လူထုတက္ကသိုလ်ပါ။ (၁၀) တန်းအောင်စရာမလိုပါဘူး။ ကျူရှင်တက်စရာမလိုပါဘူး။ အမှတ်ကောင်း စရာမလိုဘူး။ ဒီလူထုတက္ကသိုလ်တွေကတစ်ဆင့် ကျွန်တော်တို့က ဆေးတက္ကသိုလ်တက်နိုင်တယ်။ အင်ဂျင်နီယာတက္ကသိုလ်တက်နိုင်တယ်။ ရေကြောင်းတက္ကသိုလ်တက်နိုင်တယ်။ အာကာသသိပ္ပံပညာ တက္ကသိုလ်တွေတက်နိုင်တယ်။ ဒါဟာ အင်မတန်ကို ကျွန်တော်တို့အတွက် ပြည်သူလူထု လူတန်းစားမရွေးအခွင့်အလမ်းရနိုင်တဲ့အတွက် စာကြည့်တိုက်တွေက ကျွန်တော်တို့လူထုကြီးရဲ့ တက္ကသိုလ်တွေဖြစ်ပါတယ်။ အဲဒီတော့ ဒီစာကြည့်တိုက်တွေရဲ့အခြေအနေနဲ့ပတ်သက်ပြီးတော့ လက်ရှိ နောက်ဆုံးရောက်နေတဲ့ စာကြည့်တိုက်အခြေအနေတွေနဲ့ပတ်သက်ပြီး ကျွန်တော် တစ်ခုလောက် ဖတ်ပြီးတော့ ပြပါဦးမယ်။ အဲဒါကတော့ မြန်မာ့အလင်းသတင်းစာက ဇူလိုင် ၃ ရက်နေ့ကပါ။ ကျွန်တော်တို့အားလုံးသိတဲ့အတိုင်း မလှိုင်မြို့နယ်ပါ။ မလှိုင်မြို့နယ်ဆိုတာ ပြီးခဲ့တဲ့ (၁၀) တန်း အောင်စာရင်းတုန်းက ၉၉ ရာခိုင်နှုန်းလောက် အောင်မြင်ခဲ့တယ်ဆိုတဲ့မြို့ပါ။ အဲဒီက စာကြည့်တိုက် လေးတစ်ခုရဲ့အခြေအနေကို ကျွန်တော် ဒီမှာ သူ့မူရင်းအတိုင်း ကျွန်တော် တင်ပြပါမယ်။ အရင်တုန်းက စာကြည့်တိုက်ပါတဲ့။ အားလုံးစာပေလေ့လာနိုင်အောင် စေတနာထားလုပ်ခဲ့ကြတာပါ။ အခုတော့ ပျက်စီးနေပြီတဲ့။ စာအုပ်တွေလည်းမရှိပါဘူး။ ခက်တာက ဒီအဆောက်အဦကိုအကာအကွယ်လုပ်ပြီး ပန်းခြံထဲလာ အပေါ့အပါးသွားကြတာပါ။ အနံ့အသက်က ပတ်ဝန်းကျင်ကိုပျံ့လာတယ်။ ဈေးနား နီးတော့ အနယ်နယ်အရပ်ရပ်ကလာတဲ့သူတွေ အပေါ့အပါးအလွယ်သွားကြတာ။ ပတ်ဝန်းကျင်က ဒီအနံ့အသက်တွေကြောင့် များစွာစိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ အဲဒီတော့ စိတ်အနှောင့်အယှက် ဖြစ်နေတဲ့ စည်ပင်သာယာပန်းခြံအတွင်းရှိ စာကြည့်တိုက်အား ပြုပြင်ခြင်း သို့မဟုတ် ဖျက်ဆီးဖယ်ရှား ခြင်းများအား အမြန်ဆုံးပြုလုပ်ပေးနိုင်ရန် ပြည်သူများက မျှော်လင့်နေကြကြောင်းတဲ့။ ဒီမှာကတော့ ပုံနဲ့ ပါပါတယ်။ အဲဒီတော့ မလှိုင်မြို့နယ်ဆိုတာ တစ်ပြည်လုံးမှာ (၁၀) တန်းအောင်ချက်အကောင်းဆုံး အဲဒီမြို့ရဲ့ စာကြည့်တိုက်တောင်မှ ဒီလိုအခြေအနေဖြစ်နေပါတယ်။ ဒါတွေကို ကျွန်တော်တို့က ပြင်ဆင် ရတော့မယ့်အခြေအနေရောက်နေပါပြီ။

အခုဆိုရင်လည်း ဘာပဲပြောပြော ကျွန်တော်တို့ရဲ့ ပြန်ကြားရေးဝန်ကြီးဆိုရင် တကယ်စာရေး ဆရာတစ်ယောက်၊ Journalist တစ်ယောက်ဆိုတော့ ကျွန်တော်တို့ အင်မတန်ပဲ အားတက်ရပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့ရဲ့စာပေအခြေအနေ၊ စာကြည့်တိုက်တွေရဲ့အခြေအနေအတွက် ကျွန်တော်တို့ များစွာမျှော်လင့်အားတက်ရတဲ့အခြေအနေရှိပါတယ်။ သို့သော် ၂၀၁၄ ခုနှစ်မှာ Asia

Foundation အဖွဲ့က ကျွန်တော်တို့မြန်မာနိုင်ငံ စာကြည့်တိုက်များနဲ့ပတ်သက်ပြီးတော့ Comprehensive Study တစ်ခုလုပ်ပါတယ်။ အဲဒီမှာ ဘာသွားတွေ့လဲဆိုတော့ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့စာကြည့်တိုက်က အားလုံး ၅၅၇၅၅ ခုရှိပါတယ်တဲ့။ သို့သော် Active ဖြစ်တဲ့၊ လှုပ်ရှားတက်ကြွနေတဲ့စာကြည့်တိုက်အရေအတွက်ကတော့ ၄၅၆၈ ခုပဲရှိပါတယ်။ ၁၀ ရာခိုင်နှုန်း လောက်ပဲရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့က စာကြည့်တိုက်က တကယ်ပြည်သူလူထုကို အကျိုးပြု/မပြုဆိုတာကို ဒီအချက်အလက်တွေက ဖော်ပြနေပါတယ်။ စာကြည့်တိုက်ဆိုတာကတော့ ကျွန်တော်တို့အားလုံးသိတဲ့အတိုင်းပဲ။ စာကြည့်တိုက်ဆိုတာ အခု အခြေအနေမှာ စာကြည့်တိုက် ဆိုတာထက်ကို Community Center ပုံစံမျိုးအထိကို ကျွန်တော်တို့က လုပ်ကြရတော့မယ့် အခြေအနေပါ။ စာကြည့်တိုက်ဆိုတဲ့နေရာမှာ ပြည်သူတွေက ဒီနေရာမှာလာပြီးတော့ တိုင်ပင်ဆွေးနွေး မယ်။ သူတို့ရေးရာတွေကို ဆွေးနွေးမယ်။ ညှိနှိုင်းမယ်။ ပြီးတော့ တစ်ခါ စာကြည့်တိုက်မှာ နံရံကပ် စာစောင်တွေလုပ်မယ်။ စာပေဟောပြောပွဲတွေလုပ်မယ်။ ကျပန်းစကားပြောပွဲတွေလုပ်မယ်။ စကားရည်လုပွဲတွေလုပ်မယ်။ ဒီလို ကျွန်တော်တို့က ရှင်သန်တက်ကြွနေမှသာ ဒီစာကြည့်တိုက်တွေကို ပြည်သူလူထုတွေက လာချင်တဲ့စိတ်၊ လူငယ်တွေဟာ လာချင်တဲ့စိတ်ဖြစ်လာမှာပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီစာကြည့်တိုက်က ကျွန်တော့်အမြင်နဲ့ကတော့ တစ်ပြည်လုံးမှာရှိတဲ့ စာကြည့်တိုက်တွေဟာ ဖျားနာနေပါပြီ။ ဒါတွေကို ကျွန်တော်တို့က ကုသဖို့လိုပါတယ်။

အမေရိကန်နိုင်ငံမှာဆိုရင် ဒါအားလုံး သိတဲ့အတိုင်း အခုလက်ရှိမှာ စာကြည့်တိုက်ကို အားကိုးခဲ့တဲ့သမ္မတကြီးတစ်ယောက်ရှိပါတယ်။ ဒါအားလုံးသိတဲ့အတိုင်းပဲ လင်ကွန်းပါ။ လင်ကွန်းဆိုလို့ ရှိရင် စာအုပ်တစ်အုပ်ဖတ်ဖို့ မိုင် ၂၀ လောက်ကို လမ်းလျှောက်ပြီးတော့ လာခဲ့ရပါတယ်။ ဒီလိုအခြေအနေမျိုးကို သမ္မတတစ်ယောက်ကိုမွေးထုတ်နိုင်တာလည်း စာကြည့်တိုက်ပါ။ ဒါကြောင့် မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ ဖျားနာနေတဲ့ စာကြည့်တိုက်ကို ကုစားဖို့အတွက် ပြည်သူလူထုနဲ့ အစိုးရနဲ့က ပူးပေါင်းပြီးတော့ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွေ ဖွဲ့စည်းဖို့လိုပါတယ်။ အစိုးရတစ်ခု တည်းလုပ်လို့မရပါဘူး။ ဒါပေမဲ့ နိုင်ငံတော်အစိုးရကတော့ Sponsor လုပ်ပြီးတော့ ရပ်ရွာထဲမှာ တကယ်ကို Philanthropist တွေရှိပါတယ်။ အများအကျိုးဆောင်ရွက်ချင်တဲ့လူတွေရှိပါတယ်။ ဒီလူတွေနဲ့ပူးပေါင်းပြီးတော့ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွေ ဖွင့်ပေးဖို့ဆိုတဲ့အဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်လွင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် တင်သွင်းသွားတဲ့ စာကြည့်တိုက်များတည်ထောင်ရေး၊ အဲဒီလိုစာကြည့်တိုက်များတည်ထောင်တဲ့နေရာမှာ ပါဝင်သင့်၊ ပါဝင်ထိုက်တဲ့ပုဂ္ဂိုလ်တွေပါဝင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကနေပြီးတော့ ဝိုင်းဝန်းပံ့ပိုးကူညီရေးဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ စဉ်းစားစရာတစ်ခုရှိတာက စောနက အဆိုရှင်တင်ပြသွားသလို စာကြည့်တိုက်တွေက ဒီနေ့ခေတ်မှာ တော်တော်လေးပါးရှားနေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူတွေကလည်း မိမိတို့နှစ်သက်တဲ့စာအုပ်တွေကို ကိုယ့်အိမ်မှာကို ဝယ်ပြီးတော့ ဖတ်ကြတဲ့အခြေအနေဖြစ်တယ်။ အဲဒါကြောင့်မို့လို့ စာကြည့်တိုက်ဆိုပြီးတော့ စုစုစည်းစည်းနဲ့ တစ်နေရာတည်းမှာ စုထားဖို့လိုသေးသလား။ အခုခေတ်မှာ တခြားသောနည်းပညာတွေက ပေါ်ပေါက်နေတဲ့အခါကျတော့၊ စာဖတ်ချိန်ကလည်း နည်းလာတဲ့အခါကျတော့ အဲဒီလိုစုစုစည်းစည်းတစ်နေရာတည်းမှာထားဖို့ လိုသေးသလားဆိုပြီးတော့ တွေးကောင်းတွေးနိုင်ပါတယ်။ ဒီလိုပဲ အဲဒီလိုစာကြည့်တိုက်ထောင်တယ်ဆိုတာ လူပုဂ္ဂိုလ်တစ်ယောက်ကလည်း ထောင်လို့ရတယ်။ ရပ်ကွက်အဆင့်ကလည်း ထောင်လို့ရတယ်။ ဒါကို ပြည်ထောင်စုအစိုးရအဆင့်အထိ ပံ့ပိုးကူညီတောင်းဖို့လိုသလားဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ တွေးကောင်းတွေးနိုင်ပါတယ်။ ဒါတွေဟာ တကယ်လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပမာလေးတစ်ခုကို ကျွန်တော်တင်ပြခွင့် ပြုပါ။ ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတော့ ခုနစ်ရက်မြောက်တဲ့နေ့မှာ ရှင်မဟာကဿပကြီးက အကြံတစ်ခုဖြစ်ပါတယ်။ မြတ်စွာဘုရားရဲ့တရားတော်တွေဟာ ပြန့်ကျဲနေတယ်။ မြတ်စွာဘုရားက အခုခေတ်လို စာရေးဆရာလို စာအုပ်ရေးတာမဟုတ်ပါဘူး။ ဝေနေယသတ္တဝါတွေကို တွေ့တဲ့နေရာမှာ တရားဟောပါတယ်။ တရားဟောတဲ့အခါမှာ သူ့ရဲ့တပည့်သာဝကတွေက ဒီတရားတွေကို ကြားနာရပါတယ်။ ရှင်အာနန္ဒာ ကိုယ်တိုင်ကြားနာခဲ့ရတာတွေရှိတယ်။ တစ်ဆင့်စကားကြားနာခဲ့ရတာတွေရှိတယ်။ အဲဒီတော့ ရှင်ဥပါလိကြားနာခဲ့ရတာတွေရှိတယ်။ ရှင်မဟာကဿပကြားနာခဲ့ရတာတွေရှိတယ်။ အဘိဓမ္မာနဲ့ပတ်သက်ပြီးတော့ ရှင်သာရိပုတ္တရာရဲ့တပည့် ရဟန်း ၅၀၀ ကြားနာခဲ့ရတဲ့ အဘိဓမ္မာတရားတွေရှိတယ်။ အဲဒီလိုပြန့်ကျဲနေတဲ့တရားတွေကို မစုစည်းနိုင်လို့ရှိရင်

သာသနာ မကြာခင်ကွယ်လိမ့်မယ်ဆိုပြီးတော့ ပညာရှိသူတော်ကောင်းများက မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးတော့ ခုနစ်ရက်မြောက်နေ့မှာ အဲဒီအကြံ စဖြစ်ပါတယ်။ အဲဒီတော့ စာကြည့်တိုက်လိုပဲ စုစည်းထားမှာပါ။ ပြန့်ကျဲနေလို့ရှိရင် ဒီဟာတွေက မကြာခင်ကွယ်တော့မယ်ဆိုတဲ့ဟာကို သတိပြုပေးပါတယ်။ အဲဒီတော့ ဒါကနေတစ်ဆင့် သင်္ဂါယနာတင်တယ်ဆိုတဲ့ဟာဖြစ်လာပါတယ်။ အဲဒီတော့ ဘာကြောင့်စုစည်းထားဖို့လိုသလဲဆိုတဲ့ကိစ္စကို ကျွန်တော်တို့က စဉ်းစားတဲ့အခါကျတော့ သိမြင်ကျွမ်းကျင်တဲ့လူတွေ၊ စာရေးဆရာတွေ၊ ပညာတတ်ပုဂ္ဂိုလ်တွေက စာပေတွေနဲ့ပတ်သက်လို့ရှိရင် ဘယ်နားမှာရှာရမယ်။ စာအုပ်တွေကို ဘယ်နားမှာရှာရမယ်ဆိုတာ သိပေမဲ့လို့ စာပေနုနယ်သေးတဲ့ အခုမှ သင်စစာသင်သားတွေ၊ အဲဒီပုဂ္ဂိုလ်တွေအတွက်က၊ ကျောင်းသားတွေအတွက်ကကျတော့ တစ်နေရာတည်းမှာစုထားတော့မှသာ ဒီစာအုပ်တွေစာပေတွေဟာ ပြန့်ပွားမှာဖြစ်ပါတယ်။ ဒီအတွေးအခေါ်က မြတ်စွာဘုရားတပည့်သာဝကတွေ ပထမဦးဆုံး ကြံစည်ခဲ့တဲ့အတွေးအခေါ်ပါ။ အဲဒီအထဲကနေ ရှင်အာနန္ဒာတို့၊ ရှင်မဟာကဿပတို့ စသဖြင့် ရဟန္တာကိုယ်တော်မြတ်ကြီးတွေ အပါး ၅၀၀ ကိုရွေး။ ရွေးပြီးတော့ သင်္ဂါယနာတင်ဖို့ ပထမဦးဆုံးစီစဉ်ပါတယ်။ စီစဉ်တဲ့အခါမှာ အစိုးရမင်းများရဲ့အထောက်အပံ့လိုလာပါတယ်။ အဲဒီတော့ စီစဉ်ဖို့အတွက် ဇရပ်လိုလာတယ်။ အဲဒီတော့ လှိုဏ်ဂူဝမှာ အဇာတသတ်မင်းကြီးက အထောက်အပံ့နဲ့ သံဃာအပါး ၅၀၀ တည်းလို့ရတဲ့ အင်မတန်ကြီးကျယ်ခန်းနားတဲ့ဇရပ်ကြီးတစ်ခုကို ဆောက်ပြီးတော့ ရှင်ဘုရင်ရဲ့လှူဒါန်းမှုနဲ့ ဒါက ပထမသင်္ဂါယနာ စတင်ဖြစ်ပါတယ်။ ဒီနေရာမှာ စကားအလျင်းသင့်လို့ ပြောရလို့ရှိရင် လှိုဏ်ဂူဝမှာတည်ထားတဲ့ပုံကို နမူနာယူပြီးတော့ ကျွန်တော်တို့ ဒီဆဋ္ဌမသင်္ဂါယနာတင်တဲ့အခါမှာ မဟာပါသာဏလှိုဏ်ဂူဆိုတာက ပထမသင်္ဂါယနာရဲ့မူကိုယူပြီးတော့ ဆောက်ထားတဲ့အဆောက်အအုံဖြစ်ပါတယ်။ အဲဒီတော့ ရှင်ဘုရင်ပေးတဲ့အဆောက်အအုံကြီး၊ အခမ်းအနားကြီးပေါ့။ ဒီအဆောက်အဦရှေ့ပဲ။ အခုခေတ်လို စာကြည့်တိုက်ကြီးရှေ့ပဲ။ ဒီမှာ သင်္ဂါယနာတင်တော့မှသာ သာသနာတော် ဒီနေ့ခေတ် ကျွန်တော်တို့ သိခွင့်ရတဲ့ ပိဋကတ်သုံးပုံဆိုတာ အဲဒီကနေတစ်ဆင့်ပေါ်ပေါက်လာတာဖြစ်ပါတယ်။ အဲဒီတော့ ခြောက်တန်သော သင်္ဂါယနာကို ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာလည်း ရှင်ဘုရင်မင်းတွေအထောက်အပံ့ကင်းတဲ့သင်္ဂါယနာဆိုတာ တစ်ခုမှမရှိပါဘူး။ အဲဒီတော့ ပြည့်ရှင်မင်းများက သာသနာတော်ကိုချီးမြှောက်တဲ့နေရာမှာ၊ စာပေကို ချီးမြှောက်တဲ့နေရာမှာ ဒါတွေမှာ အင်မတန်အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်တယ်ဆိုတာ ကျွန်တော်တို့ သိရပါတယ်။ အဲဒီတော့ ဘာကြောင့် သင်္ဂါယနာတင်ဖို့ ဆုံးဖြတ်ခဲ့ကြသလဲဆိုတော့ ခုနကလို စုစည်းမှု အခုစာကြည့်တိုက်အဆိုမှာလည်း ပါဝင်ပါတယ်။ စုစည်းမှု။ ဒီလိုစုစည်းထားမှသာ

လျှင် ခုနကတင်ပြခဲ့သလို စာသင်သားအသစ်တွေ၊ မသိမကျွမ်းကျင်တဲ့သူတွေက တစ်နေရာတည်း မှာ တစ်စုတစ်စည်းတည်း ရှာလို့ရတဲ့အတွက် ဗဟုသုတတွေ တစ်နေရာတည်းမှာရတဲ့အတွက်ကြောင့် မို့လို့ နောက်မျိုးဆက်အနာဂတ်တွေကို မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ သမိုင်းကိုပြန်ကြည့် ခုနကပြောခဲ့တဲ့သမိုင်းလေးကို ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုလို့ ရှိရှင် ပထမဦးဆုံးအချက်က ပြန့်ကျဲနေတာတွေကို စုစည်းရမှာဖြစ်ပါတယ်။ အဲဒီတော့ အခု အဆိုရှင်တင်ပြ သွားသလို အိမ်တွေမှာစာအုပ်ဖတ်နေတာတွေရှိတယ်။ လမ်းဘေးမှာ ရေအိုးစင်တွေနဲ့ စာပေ ရေချမ်းစင်ဆိုပြီးတော့ လုပ်ထားတာတွေရှိတယ်။ အဲဒါတွေကို ကျွန်တော်တို့က တစ်နေရာတည်းမှာ စုစည်းရမှာပါ။ စုစည်းမှသာ နောက် စာသင်တဲ့ပုဂ္ဂိုလ်တွေ၊ လေ့လာချင်တဲ့ပုဂ္ဂိုလ်တွေက တစ်နေရာ တည်းမှာ စုစုစည်းစည်းနဲ့လာပြီးတော့ သင်ကြားခွင့်ရမှာဖြစ်ပါတယ်။

အဲဒီတော့ အဆိုမှာပါသလိုပဲ သက်ဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အခုနက ကျွန်တော် ခုနကပြောခဲ့သလို သင်္ဂါယနာတင်တဲ့အခါမှာ ရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီး မြတ်စွာဘုရားရဲ့တရားတော်တွေအကုန်လုံး တစ်ဆင့်စကားတွေကအစ အကုန် မှတ်မိနေတယ်။ ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးတစ်ပါးတည်းသိနေလို့ ဒီသာသနာက မတည်မြဲပါဘူး။ သက်ဆိုင်ရာကျန်တဲ့သူတွေခေါ်တယ်ဆိုတာက ပူးပေါင်းပါဝင်လာအောင်၊ ဒီထဲမှာပါလာအောင် ကျန်တဲ့သူတွေပါ အကုန်လုံးသိထားမှ ဒီကိစ္စကြီးက ရေရှည်တည်တံ့ခိုင်မြဲမှာပါ။ အဲဒီတော့ နံပါတ်(၂) အချက်က ကျွန်တော်တို့က ပါဝင်သင့်၊ ပါဝင်ထိုက်တဲ့သူတွေကိုနှိုးဆော်ပြီးတော့ ပါဝင်အောင်လုပ် ရမှာဖြစ်ပါတယ်။ နံပါတ်(၃)အချက်က ခုနကပြောသလို ရှေးတုန်းကတော့ ပြည့်ရှင်မင်းပေါ့။ အခု ဆိုရင်တော့ ပြည်ထောင်စုအစိုးရပေါ့။ ပြည်ထောင်စုအစိုးရရဲ့ပံ့ပိုးမှုလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘာသာရေးပဲဖြစ်ဖြစ်၊ စာပေပဲဖြစ်ဖြစ်၊ ယဉ်ကျေးမှုပဲဖြစ်ဖြစ် ဒါတွေဟာ လတ်တလောငွေရေးကြေးရေး က အကျိုးအမြတ်မရနိုင်တဲ့ကိစ္စတွေပါ။ အဲဒီတော့ အဲဒီလိုကိစ္စတွေမှာ ငွေကြေးစိုက်ထုတ်ဖို့ဆိုတာက ဒီအစိုးရမင်းများ အားမပေးတဲ့စာပေတွေက ကွယ်ပျောက်သွားပြီးတော့ အစိုးရမင်းများအားပေးတဲ့ သာသနာတွေက တည်တံ့ခိုင်မြဲခဲ့တယ်ဆိုတာ ကျွန်တော်တို့ အထင်အရှားပဲဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အနောက်တိုင်း တိုးတက်တဲ့နိုင်ငံတွေကိုသွားကြည့်မယ်ဆိုလို့ရှိရင် လည်း ဘယ်လောက်ပဲနည်းပညာတွေထွန်းကားထွန်းကား နည်းပညာတွေဆိုတာ ဒီအနောက်တိုင်း နိုင်ငံတွေကစတာ။ ယေးတက္ကသိုလ်တို့၊ ဟားဗတ်တို့၊ စတန်ဖို့စ်တို့ တက္ကသိုလ်တွေသွားကြည့်လိုက်မယ် ဆိုလို့ရှိရင် မနက်လေးနာရီလောက်ကတည်းက ကျောင်းသားတွေ စာကြည့်တိုက်မှာအပြည့်ဖြစ်နေ

ပြီလို့ သိရပါတယ်။ အဲဒီတော့ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ စာကြည့်တိုက်ကို ကျွန်တော်တို့ ဘယ်လိုမှ ကျော်လွှားလို့မရသေးပါဘူး။ ပညာတတ်တဲ့လူတွေမွေးထုတ်ပေးဖို့၊ တိုးတက်တဲ့နိုင်ငံဖြစ်ဖို့ဆိုလို့ရှိရင် ကျွန်တော်တို့က စာကြည့်တိုက်တွေက မရှိမဖြစ်ကို လိုအပ်တဲ့အခြေအနေဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံသမိုင်းမှာလည်း ကျွန်တော်တို့ပြန်ကြည့်မယ်ဆိုလို့ရှိရင် ပိဋကတ်တိုက်တွေကို အနော်ရထာ မင်းလက်ထက်ကတည်းကစပြီးတော့ တည်ထောင်ခဲ့တာတွေ ကျွန်တော်တို့ ပုဂံမှာ အဆောက်အဦတွေ အများကြီးရှိပါတယ်။ ပိဋကတ်တိုက်တွေ စပြီးတည်ထောင်ခဲ့ပါတယ်။ အစိုးရအဆက်ဆက်တွေက ပိဋကတ်တွေကို အားပေးခဲ့ပါတယ်။ အဲဒီတော့ ပုဂံမှာ သာသနာစတင်ခဲ့တဲ့ ရှင်အာရဟံကိုယ်တော်မြတ် ကြီးဆိုလို့ရှိရင်လည်း ဒါ အနော်ရထာမင်းကြီးဆီကနေပြီးတော့ ပိဋကတ်တစ်စုံရအောင်ရှာဆိုပြီးတော့ ရှင်ဘုရင်ကိုတောင်းတာ။ ဒါအားလုံး အထင်အရှားပဲဖြစ်ပါတယ်။ ဒါတွေဟာ အရပ်ထဲမှာ လှည့်ပြောနေတဲ့ ပါးစပ်ရာဇဝင်လည်းမဟုတ်ပါဘူး။ ရာဇဝင်ကြီးမှာ အတိအကျမှတ်တမ်းတင်ထားပါတယ်။ ပိဋကတ် စာပေမရှိရင် သာသနာတော်မတည်တံ့နိုင်ဘူးတဲ့။ ဆရာတော့်စကားနဲ့ပြောလို့ရှိရင်၊ အရှင်အာရဟံ ပြောတဲ့စကားနဲ့ပြောလို့ရှိရင် ပရိယတ္တိစာပေရှိမှ ပရိပတ္တိသာသနာ၊ ပရိဝေဒသာသနာဆိုပြီးတော့ သာသနာသုံးတန် ရှေ့ဆက်ပြီးတော့ တည်တံ့နိုင်မှာဖြစ်တဲ့အတွက် အနော်ရထာမင်းကို ရှင်ဘုရင်ကို အဲဒီခေတ်ကတော့ ပေထုပ်ပေ့ါ။ အခုခေတ်အနေနဲ့ဆိုရင် စာအုပ်ရှာခိုင်းပါတယ်။ အဲဒီတော့ စာကြည့်တိုက်ဆောက်ခိုင်းပါတယ်။ ဒါ ဘာကြောင့် ရဟန္တာကိုယ်တော်မြတ်ကြီး ဒီ အရှင်အာရဟံဆိုတာ ပိဋကတ်သုံးပုံဆောင်နိုင်တဲ့ကိုယ်တော်ကြီး ဘာကြောင့်ရှင်ဘုရင်ကိုရှာခိုင်းလဲဆိုတော့ လေးနက်စေချင် လို့ပါ။ ရှင်ဘုရင်ပါမှ ဒါသည်ရေရှည်တည်တံ့မယ်ဆိုတာကို သိတဲ့အတွက်ကြောင့်မို့လို့ ရှာခိုင်းခြင်း ဖြစ်ပါတယ်။

အဲဒီတော့ အခုအဆိုရှင်တင်ပြသွားသလို ဒီအဆင့်သည် ကျွန်တော်တို့က စာကြည့်တိုက်ဆိုတာ လေးကို မတွေးဘဲနဲ့ တိုးတက်တဲ့နိုင်ငံတွေမှာ စာကြည့်တိုက်ကို အခုထက်ထိ ကျော်လွှားလို့မရသေး တာကတစ်ကြောင်း၊ နောက်တစ်ခါ အဲဒီလိုလုပ်တဲ့အခါမှာ ကိုယ်တစ်ယောက်တည်း ထထောင်လို့ ကိုယ်ပိုင်စာကြည့်တိုက်ထောင်လို့က ဘယ်သူမှ လာဖတ်မှာမဟုတ်ဘူး။ အများပြည်သူပူးပေါင်းပါဝင် လာအောင် ဆောင်ရွက်ဖို့ ဒီအဆိုမှာပါတဲ့ အများပြည်သူပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ဖို့ လုပ်သင့်တာကတစ်ကြောင်း၊ အဲဒီလိုလုပ်တဲ့အခါမှာ ပြည်ထောင်စုအစိုးရမင်းများကလည်း ပံ့ပိုးကူညီ ဖို့လိုအပ်တဲ့အကြောင်းဖြစ်တဲ့အတွက် အင်မတန်ကောင်းမွန်တဲ့အဆိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအဆို

ကို လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒနယ်ရယူပါမယ်။ ဦးမြင့်လွင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းတဲ့ မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန်ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁-၈-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး အဆိုရှင်က ဆွေးနွေးတဲ့အခါမှာလည်း ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာပေလောကကို အားပေးတယ်။ ဖွံ့ဖြိုးတိုးတက်လာတယ်။ ဆွေးနွေးသွားတာကောင်းပါတယ်။ ဆွေးနွေးရင်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဘာပဲပြောပြောဆိုတာတော့ နည်းနည်းလေးတော့ သတိထားပေးပါ။ နောက်တစ်ခုက ထောက်ခံဆွေးနွေးတဲ့ကိုယ်စားလှယ်ကလည်း

ဆွေးနွေးသွားတာ ကောင်းပါတယ်။ ဆွေးနွေးသွားတာကောင်းတဲ့အတွက် တချို့ကိုယ်စားလှယ်တွေက လည်း ပြုံးစိစိနဲ့ဖြစ်နေတာ ကျွန်တော်ကြည့်နေတာ။ တချို့လည်း တရားနာသလိုပဲ မျက်စိလေးတွေ မှေးပြီးတော့ မှိန်းနေကြတာ။ ဒီအဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်များစာရင်း တင်ပေးပါ။ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြား ထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ် က တင်သွင်းတဲ့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ် ကိုးဦးအနက် ငါးဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက် နေ့(၂၇-၇-၂၀၁၇ ရက်နေ့)မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုဆွေးနွေးရန်ကျန်ရှိတဲ့ ကိုယ်စားလှယ် လေးဦး ဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ဒေါက်တာလှမိုးရဲ့ ပညာရေး TV Channel လိုင်းတစ်ခု သီးခြားထုတ်လွှင့် ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ဝေဖန်ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သတင်းစာတွေ၊ ဂျာနယ်တွေ၊ စာစောင်တွေမှာ ဖွံ့ဖြိုးတိုးတက်ပြီးတဲ့နိုင်ငံတွေရဲ့ ပညာရေးအောင်မြင်မှုတွေကို ဖတ်ရ၊ သိရတော့ မြန်မာနိုင်ငံရဲ့ပညာရေးပြုပြင်ပြောင်းလဲမှု လိုနေပြီဆိုတဲ့ဝေဖန်သံတွေဟာ ပွက်ပွက်ညံနေပါတယ်။

ပညာရေး တုပ်ကွေးလူနာကြီးဖြစ်နေတဲ့ကျွန်တော်တို့တတွေဟာ ဆေးစာဖတ်ရာနားထောင်ပါ ရောဂါပျောက်နိုးနိုး၊ သိုက်စာဖတ်ရာနားထောင်ပါ ဥစ္စာရနိုးနိုး ဆိုတဲ့စကားပုံလိုဖြစ်နေပါပြီ။ လူနာဆိုတော့ ဟိုဆေးကဟုတ်နိုးနိုး၊ ဒီဆေးကဟုတ်နိုးနိုး ရောဂါများပျောက်လေမလားဆိုသလို ဖြစ်နေပါပြီ။ နိုင်ငံတကာက မည်သည့်အရာကိုမှ ပုံတူကူးချလို့မရဘူးဆိုတာကိုတော့ သတိပြုဖို့လိုပါတယ်။ နိုင်ငံရဲ့ ပကတိအနေအထားတွေနဲ့လည်း ကိုက်ညီဖို့လိုပါလိမ့်မယ်။ လက်ရှိနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပထဝီအနေအထား၊ ဘာသာစကား၊ စာပေ စသည်တို့ဟာ ကျွန်တော်တို့ရဲ့ ပကတိအခြေအနေတွေပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့အကောင်းဆုံးပညာရေးစာရင်းဝင်နိုင်ငံတွေထဲမှာ ဖင်လန်နိုင်ငံ ပါဝင်ပါတယ်။ ဒီလိုဆိုရင် ဖင်လန်နိုင်ငံကို အတုယူရမှာလား မဟုတ်ပါဘူး။ ဖင်လန်နိုင်ငံဟာ လူမျိုးစုကွဲပြားမှုမရှိပါဘူး။ လူဦးရေကလည်း ၅.၅ သန်းပဲရှိပါတယ်။ ဖင်လန်နိုင်ငံရဲ့ပညာရေးဟာ အစောပိုင်းက ဖိစီးမှုတွေများခဲ့ပါတယ်။ နောက်ပိုင်းကာလတွေမှာ ကလေးတွေကို ကလေးကဲ့သို့ပဲသဘောထားပြီးတော့ သင်ကြားတဲ့အကြောင်း၊ ကလေးများကို ကစားချိန်၊ နားချိန်ပေးထားကြောင်း၊ ၄၅ မိနစ်စာသင်ပြီးတိုင်း ၁၅ မိနစ်အနားပေးကြောင်း၊ ကစားခိုင်းကြောင်း ဖတ်ရပါတယ်။ ဒီတော့ ကျွန်တော်တို့နိုင်ငံက ကလေးတွေ နေထွက်ကနေနေဝင် ညနေအထိ နံနက်ကျူရှင် နေ့ခင်းကျောင်း၊ ည Guide နဲ့ စက်ရုပ်ကြီးတွေလို ဖြစ်နေရတာတွေကို ကျွန်တော်တို့ ကြည့်ပြီးသနားမိပါတယ်။ ဒါကြောင့် ဖင်လန်နိုင်ငံကို အတုယူရမှာလားလို့မေးလို့ရှိရင်လည်း မဖြစ်သေးပါဘူး။ လက်ရှိပကတိအခြေအနေနဲ့ကိုက်ညီဖို့လိုပါတယ်။ ပုံတူကူးချလို့မရပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာလှမိုးရဲ့အဆိုမှာ ကျွန်တော်တို့နှင့်အတူ ကိုလိုနီကျွန်နိုင်ငံဖြစ်ခဲ့ရပြီး လွပ်လပ်ရေးကို ရှေ့ဆင့်နောက်ဆင့်ရခဲ့တဲ့ အိန္ဒိယနိုင်ငံမှာ ပညာရေး Channel ပေါင်း ၅၅ လိုင်းရှိကြောင်း ပါရှိပါတယ်။ ကျွန်တော်တို့ကတော့ ခုမှစရမှာဆိုတော့ ရှက်တက်မယ်ဆိုရင်တော့ ရှက်စရာကြီးပါ။ ဒီနေ့ကမ္ဘာကြီးဟာ ICE လို့ခေါ်တဲ့ ခေတ်ကြီးထဲကို ရောက်နေပါပြီ။ ရေခဲခေတ်မဟုတ်ပါဘူးခင်ဗျား။ ဆိုလိုတာကတော့ I ဆိုတာ Internet ပါ။ C ဆိုတာ Computer ပါ။ E ဆိုတာ English ပါ။ ဒီ Subject သုံးခုကို ပိုင်နိုင်မှ တိုးတက်တဲ့ နိုင်ငံဖြစ်မှာပါ။ ပညာရေးသင်ယူမှုစနစ်တွေကလည်း C လေးလုံးပညာရေးသင်ယူမှုစနစ်ကို (၂၁)ရာစုထဲမှာ ရောက်လာပါပြီ။ ပထမ C က Communication ဆက်သွယ်ရေးပါ။ ယနေ့ Youtube လိုင်းတွေကနေ ပညာသင်နေနိုင်တဲ့ Website တွေရှိနေပါပြီ။ Youtube ပေါ်မှာရှိတဲ့ Video များထဲက မိမိတို့ကြိုက်နှစ်သက်ရာကို Download ချယူနိုင်ပါတယ်။ မိမိတို့နှစ်သက်ရာကို အထပ်ထပ်

လေ့လာသင်ယူနိုင်ပါတယ်။ Communication ဖြစ်ပါတယ်။ ဒုတိယ C ကတော့ Critical Thinking ပါ။ တတိယ C ကတော့ Collaboration ပါ။ စတုတ္ထ C ကတော့ Creativity ပါ။ အာဂုံဆောင်မှ အာဂလူဆိုတဲ့ပညာသင်ယူမှုစနစ်မဟုတ်တော့ပါဘူး။ မြန်မာနိုင်ငံရဲ့ပညာရေးဟာ ဒီလိုကျက် ဒီလိုဖြေ ကျက်မှတ်ထားတာတွေ ပြန်ရေးနေရတော့ Education မဟုတ်တော့ဘဲ ကျက်ကျူကေးရှင်း ဖြစ်နေပါပြီ။ ကျက်ပြီးဖြေရတာတွေ၊ ကျက်ပြီးတော့ တက္ကသိုလ်ရောက်၊ တက္ကသိုလ်ကျတော့လည်း ဆက်ကျက်ဒါကြောင့်မို့လို့ ကျက်မှုတက္ကသိုလ်တွေဖြစ်ပြီးတော့ ကျက်မှုဘွဲ့တွေရထားတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုတွေဖြစ်လာလိမ့်မယ်ဆိုတာကို ပညာရေးပါမောက္ခကြီးများ သိခဲ့ပါတယ်။ ပညာရေးတက္ကသိုလ်ပါမောက္ခဟောင်း ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာကြီး ဦးထွန်းကြွယ်က မြန်မာ့ပညာရေးဟာ Chalk မြေဖြူ Talk ပြောဟောသင်၊ Walk အတန်းထဲမှာ လမ်းလျှောက်သင်၊ Chalk, Talk and Walk ဒီလိုသာသင်နေရင်တော့ တို့ဟာ ကမ္ဘာကြီးရဲ့တစ်ဖက်မှာ ကျန်ခဲ့တော့မယ်လို့ မကွယ်လွန်မီက ကျွန်တော်တို့ သူ့တပည့်များကို ပြောကြားခဲ့ဘူးပါတယ်။ (၂၁)ရာစုမှာ စာသင်ခန်းဆိုတာဟာဘာလဲ။ စာသင်ခန်းဆိုတာဟာ နံရံလေးဖက်၊ ပြတင်းပေါက်လေးပေါက်၊ စာသင်ခုံတွေချ၊ စားပွဲကတစ်လုံး၊ သင်ပုန်းကတစ်ချပ်၊ မြေဖြူလေး သုံး၊ လေးထောင့်လောက်နဲ့ အခန်းကို စာသင်ခန်းလို့ အဓိပ္ပာယ်ဖွင့်ဆိုလို့ မရတော့ပါဘူး။ ဒီလိုဖြေရင် သနားတယ်လို့ အပြောခံရမှာပါ။ သင်ကြားမှု/သင်ယူမှုလုပ်လို့ရတဲ့နေရာမှန်သမျှဟာ စာသင်ခန်းပါ။ ဒေါက်တာလှမိုး တင်ပြခဲ့တဲ့ TV Channel ဆိုတာကလည်းပဲ စာသင်ခန်းပါ။ ကွန်ပျူတာကလည်း စာသင်ခန်းပါ။ လက်ကိုင်ဖုန်းလေးတစ်လုံးကလည်း စာသင်ခန်းပါ။ အနာဂတ်ပညာရေးသင်ကြားမှုပုံစံဟာ ကျောင်းသားက ကျောင်းကိုသွားနေစရာ မလိုတော့ဘဲနဲ့ ကျောင်းက ကျောင်းသားတွေဆီကို လာပါတော့မယ်။ အမေရိကန်တက္ကသိုလ်က ဘွဲ့ကို အင်္ဂလန်ကကျောင်းသားက အိုးမကွာအိမ်မကွာ Internet Computer နှင့်ချိတ်ဆက်ပြီးတော့၊ သင်ယူပြီးတော့ ဘွဲ့ယူနိုင်ပါတော့မယ်။ မြန်မာပြည်မှာ ပညာရေး TV Channel လိုင်းတစ်ခု လိုအပ်နေပါတယ်။ ဒါပေမဲ့ စိတ်ဝင်စားဖွယ်ဖြစ်အောင် ထုတ်လုပ်တတ်တဲ့ ထုတ်လုပ်မှုအနုပညာတော့ လိုပါလိမ့်မယ်။ ပါမောက္ခကြီးက TV Channel ပေါ်မှာ စာတွေကို အလွတ်ရွတ်ပြနေတာမျိုးနဲ့ ထုတ်လွှင့်မယ်ဆိုရင်တော့ စိတ်ဝင်စားမှုရမှာမဟုတ်ပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခေတ်တစ်ခါတုန်းက ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ပညာရေးအင်အားကြီးတဲ့နိုင်ငံကြီးဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လို့ ဒို့ခေတ်ရောက်မှ ညံ့ကြတော့မှာလားလို့ စဉ်းစားမိရင်း ပကတိအခြေအနေနဲ့ လိုက်လျော

ညီထွေဖြစ်တဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်ပါစေလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး တင်သွင်းသွားတဲ့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုအထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရရဲ့ ပညာရေးရုပ်မြင်သံကြားလိုင်းတစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုအထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်ဆိုတဲ့အချက်ဟာ ယနေ့နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနကနေ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ခုနှစ်ကို ညွှန်းဆိုတယ်လို့ သဘောရမိပါတယ်။ နိုင်ငံတော်အစိုးရဟာ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်ကို အထောက်အကူပြုဖို့နဲ့ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံအနေနဲ့ ဝင်ငွေအလယ်အလတ်ရှိတဲ့နိုင်ငံဖြစ်လာရေးဆိုတဲ့ အမျိုးသားရည်မှန်းချက်ကိုပါ ပေါက်မြောက်အောင်မြင်စေဖို့အတွက် အဓိကတွန်းအားနှစ်ရပ်အဖြစ်နဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို သတ်မှတ်ထားပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာမှာ မူကြိုတန်း၊ သူငယ်တန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာရေးစတဲ့ ပညာရေးကဏ္ဍအသီးသီးမှာ အခွင့်အလမ်း၊ အရည်အသွေးနှင့် သာတူညီမျှမှုရှိမှုတို့ကို တိုးတက်စေဖို့အတွက် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲကြေညာစာတမ်း၊ ပညာရေးကဏ္ဍမှာပါရှိတဲ့ ပညာသင်ယူမှုသည် မွေးဖွားသည့်နေ့မှစပြီး ဘဝတစ်လျှောက်လုံးဖြစ်သည့်အတွက် လူ့ဘဝတစ်လျှောက်လုံး ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများရရှိရန်နှင့် အကျိုးရှိသည့် ပညာရပ်များ တတ်မြောက်ကြရန် ဆောင်ရွက်

သွားမည်ဆိုတဲ့ ကြေညာချက်နှင့် ကိုက်ညီမှုရှိသည့်နှင့်အမျှ နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အနေနဲ့ ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရေးကစပြီးတော့ နိုင်ငံသားတိုင်းအသက်အပိုင်းအခြား၊ နေရာဒေသ မရွေး ပညာသင်ယူနိုင်တဲ့လုပ်ငန်းကြီး ၁၂ ရပ်ကို ချမှတ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်နေတာ ကိုလည်း တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အားရဝမ်းသာဖြစ်ရပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကြီးဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်တရာမှ အရေးကြီးတာနဲ့အမျှ လုပ်ငန်းပမာဏကလည်း ကြီးမား ကျယ်ပြန့်လှပါတယ်။ သတ်မှတ်ထားတဲ့ကာလအတွင်းမှာ သတ်မှတ်ထားတဲ့လုပ်ငန်းတွေ ပြီးစီး အောင်မြင်အောင်ဖို့ဟာ အရေးကြီးပါတယ်။ ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းက အကောင်အထည် ဖော်ဆောင်ရွက်နေရုံနဲ့ အထမြောက်အောင်မြင်နိုင်ရန် မလွယ်ကူနိုင်ဟု ထင်မြင်မိပါတယ်။ သက်ဆိုင်ရာမိဘများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပညာရေးလုပ်ငန်းမှာ ပါဝင် ဆောင်ရွက်နေသူများနှင့် ပြည်သူတစ်ရပ်လုံးက ဒီပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်နှင့် ဒီဟာရဲ့ သဘောသဘာဝကို နားလည်သဘောပေါက်ပြီး ပါဝင်ပူးပေါင်းကြမှသာလျှင် ပညာရေးပြုပြင် ပြောင်းလဲမှုဟာ ပြီးမြောက်အောင်မြင်နိုင်မှာပဲဖြစ်ပါတယ်။ ဒီလိုနားလည်သဘောပေါက်သိရှိဖို့အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို မိဘ၊ ဆရာ၊ ကျောင်းသား၊ ပြည်သူ အလွှာအသီးသီး တို့က လက်လှမ်းမီသိရှိနားလည်နိုင်မယ့် မှန်ကန်တဲ့သတင်းအချက်အလက်များကို ပြည်သူတွေ စိတ်ဝင်တစားဖြစ်မယ့်အစီအစဉ်များ၊ တင်ဆက်မှုများဖြင့် ဖြန့်ဝေပေးရန်၊ အသိပေးရန် လိုအပ်ပါ တယ်။ ဒီအတွက် ကျွန်တော်တို့ဟာ သတင်းမီဒီယာမျိုးစုံကို အသုံးပြုကြရမှာပဲဖြစ်ပါတယ်။ ဒီထဲက ရုပ်မြင်သံကြားထုတ်လွှင့်ပြီး ဖြန့်ဝေခြင်းဟာ ယနေ့အချိန်အခါမှာ အထိရောက်ဆုံးနှင့် အသင့်တော် ဆုံးလို့ ကျွန်တော်တို့သိရှိရပါတယ်။ ဒီအတွက်ကြောင့် ပညာရေးနှင့် သက်ဆိုင်တဲ့သီးသန့်ရုပ်လိုင်းများ ထုတ်လွှင့်ဖို့ရန် ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းမှာ မရှိမဖြစ်လိုအပ်နေပါပြီ ခင်ဗျား။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ စာရင်းဇယားများအရ ကြည့်မယ်ဆိုရင် အခြေခံပညာရေးမှာ ကျောင်းအရေအတွက်ပေါင်း ၄၇၀၀၀ ကျော်ရှိပါတယ်။ ဆရာအရေအတွက်က ၃၄၀၀၀၀ ကျော်ရှိပါတယ်။ ကျောင်းသားအရေ အတွက်က ၉၂၀၀၀၀၀ ကျော်ရှိပါတယ်။ ကျောင်းပြင်ပ တစ်သက်တာပညာရေးအနေနဲ့ဆိုလည်းပဲ

ကျောင်းသားဦးရေ ၁၂၀၀၀ လောက်ရှိပြီးတော့ နွေရာသီမှာ စာတတ်မြောက်ရေးအတွက် ၄၆၀၀၀ ကျော် ရှိပါတယ်။ နည်းပညာနှင့် သက်/မွေးပညာလေ့ကျင့်ရေးကျောင်းပေါင်း ၃၇၂ ကျောင်းရှိပါတယ်။ အဆင့်မြင့်ပညာရေးအနေနဲ့ဆိုလည်းပဲ ဝန်ကြီးဌာနရှစ်ခုအောက်မှာ စုစုပေါင်း ကောလိပ်၊ တက္ကသိုလ် ပေါင်း ၁၇၁ ကျောင်းရှိပြီးတော့ ကျောင်းသားစုစုပေါင်း ၂၂၀၀၀၀ ရှိပါတယ်။ အဝေးသင်ကျောင်းသား ပေါင်းက ၄၁၀၀၀၀ ရှိပါတယ်။ ဒီလောက်ပမာဏများစွာရှိသော်ငြားလည်းပဲ ကျွန်တော်တို့ဆီမှာ ပညာရေးရုပ်မြင်သံကြားလိုင်းသီးသန့်တစ်လိုင်းမှ မရှိပါဘူးခင်ဗျား။ တစ်ခါ ပြန်ကြားဝန်ကြီးဌာနက ထုတ်လွှင့်ပေးနေတဲ့ အခမဲ့ရုပ်သံလိုင်းပေါင်း ၂၄ ခုမှာလည်းပဲ 4 EDV နှင့် Reader Channel နဲ့ Skynet က Education လိုင်းတို့သာ ပညာရေးလိုင်းများဖြစ်ပါတယ်။ ဒီလိုင်းတွေကလည်း ပညာရေး ချည်း သီးသန့်ထုတ်လွှင့်တာမဟုတ်ဘဲနဲ့ စာမေးပွဲနီးတဲ့အခါကျမှသာ ကျောင်းသင်ခန်းစာများကို ပို့ချ ခြင်းဖြစ်ပါတယ်။ အခါအားလျော်စွာထုတ်လွှင့်တာပဲဖြစ်ပါတယ်။ ဒီအချက်များကိုကြည့်ရင် ကျွန်တော်တို့ တိုင်းပြည်မှာ ပညာရေးနှင့်စပ်ဆိုင်တဲ့အကြောင်းအရာများကို သီးသန့်ထုတ်လွှင့်ပေးတဲ့ ရုပ်သံလိုင်းများ လိုအပ်နေပြီပဲဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောင်မြေသာစံ မဲဆန္ဒနယ်က ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး တင်သွင်းတဲ့ မြန်မာ့ပညာရေးပြုပြင် ပြောင်းလဲမှုအထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် အစိုးရ ၏ပညာရေးရုပ်မြင်သံကြားလိုင်း(Government Education TV Channel)တစ်လိုင်း သီးသန့် ထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား အချက်သုံးချက်နှင့် ထောက်ခံဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ Invest in Future, Invest in Education ဆိုတဲ့ တိုင်းပြည်ရဲ့အနာဂတ်ကောင်းအောင် ပုံဖော်ဖို့အတွက် ပညာရေးအရင်းအနှီးမြှုပ်နှံ ကြရမှာပဲဖြစ်ပါတယ်။ ၂၁ ရာစုခေတ်ဟာ ပညာခေတ်ဖြစ်တာနှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများကို

အမီလိုက်နိုင်ဖို့ဆိုရင် ပညာရေးအဆင့်အတန်းမြင့်မားဖို့ လိုအပ်လှပါတယ်။ ပညာတင့်မှ လူမျိုးမြင့်မယ် ဆိုတဲ့စကားနှင့်အညီ ပညာရေးဟာ အဘက်ဘက်မှ တိုးတက်ပြောင်းလဲဖို့ အချိန်တန်ပါပြီ။ ပညာရေး မြင့်မားလာတာနှင့်အမျှ လူမှုရေး၊ စီးပွားရေးဘဝတွေလည်း အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှာ ဖြစ်ပါတယ်။ ယခုအချိန်ဟာ အမျိုးသားပညာရေးပြုပြင်ရေးဆွဲနေတဲ့အချိန်ဖြစ်တာနှင့်အညီ နိုင်ငံနှင့် အဝန်း ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့ လိုအပ်ပါတယ်။ ဆရာဆရာမများရဲ့ လိုအပ်ချက်ကို ဘယ်လို ဖြည့်ဆည်းပေးနေလဲ၊ ကျောင်းသုံးပရိဘောဂတွေရဲ့ လိုအပ်ချက်၊ အရည်အချင်းရှိတဲ့ဆရာဆရာမများ ရရှိနိုင်ရန် မွမ်းမံသင်တန်းများဖွင့်လှစ်ပြီး ဘယ်လိုဆောင်ရွက်နေတယ်၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်ရိုးညွှန်းတမ်းများ ဘယ်လိုရေးဆွဲဆောင်ရွက်နေတယ်ဆိုတာတွေကို အများ ပြည်သူသိရှိနိုင်ရန်နှင့် တောင်ပေါ်မြေပြန့်၊ မြို့နယ်၊ ကျေးလက်များပါမကျန် ပြည်သူများသိရှိနိုင်စေရန် ထုတ်လွှင့်ပေးနိုင်ဖို့ မီဒီယာကြားခံတစ်ခုဖြစ်တဲ့ပညာရေးဆိုင်ရာ Education TV Channel လိုင်း ဖွင့်လှစ်ပေးပြီး ပညာရေးအတွက် မဖြစ်မနေရင်းနှီးမြှုပ်နှံသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဒုတိယအချက်အနေနဲ့ Education is Nothing But Changing Behavior ဆိုတဲ့ ကျောင်းသားကျောင်းသူများရဲ့ အမူအကျင့်အနေအထိုင်၊ အကောင်းအဆိုးများ ယဉ်ကျေးသိမ်မွေ့လာ ဖို့အတွက် အထောက်အကူဖြစ်စေနိုင်တဲ့အချက်ပဲဖြစ်ပါတယ်။ ပညာရေးမှာ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေတင်မကဘဲ ဒါထက်ပိုပြီးအရေးကြီးတဲ့ ကျောင်းသူကျောင်းသားတွေရဲ့ကိုယ်ကျင့် သိက္ခာပိုင်း၊ စိတ်ဓာတ်ပိုင်း၊ စည်းကမ်းပိုင်း၊ ဘက်စုံတိုးတက်ကောင်းမွန်အောင် ဇာတ်လမ်း၊ ဇာတ်ကွက် များ၊ ပညာပေးအစီအစဉ်များဖြင့် စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးခြင်းအားဖြင့် လူငယ်များရဲ့အနာဂတ် အတွက် များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ အဓိက သူရဲ့အကျိုးရလဒ်တွေကတော့ ပြကွက် တစ်ကွက်ချင်းဖြင့် လက်တွေ့စမ်းသပ်ခြင်း သို့မဟုတ် လုပ်ဆောင်ချက်အဆင့်ဆင့်များကို သိရှိသဘော ပေါက် နားလည်နိုင်ခြင်း၊ အုပ်စုအလိုက် သို့မဟုတ် တစ်ဦးချင်း၊ သင်ကြားသူရဲ့သရုပ်ဖော်ပြကွက် များကို အချိန်တိုအတွင်း သဘောပေါက်နားလည်နိုင်ဖို့ပဲဖြစ်ပါတယ်။ ပြန်လည်ထုတ်လွှင့်ပြသသူမှ ပိုမို သဘောပေါက် မှတ်မိလွယ်ကူခြင်း၊ ပညာသင်ကြားရာမှ သန့်ရှင်းရေး၊ ကျန်းမာရေးကို အထောက် အကူပြုနိုင်မယ့် တင်ဆက်မှု ပြကွက်များကိုလည်း စာသင်ခန်းပြင်ပချိန်တွေမှာ ပို့ချပေးနိုင်မှာဖြစ်ပါ တယ်။ နိုင်ငံတကာကျောင်းစနစ်များ၊ ပညာရေးဖလှယ်မှုများနှင့် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများအကြောင်းအား အားကျအတုယူနိုင်ရန် ထုတ်လွှင့်ပြသပေးခြင်းစတဲ့ အားသာချက် များစွာလည်း ရရှိမှာဖြစ်ပါတယ်။ ငယ်ရွယ်စဉ်ကလေးဘဝကတည်းက မိမိကိုယ်ကျိုးကို ရှေ့တန်းမတင်

ဘဲ သူတစ်ပါးအကျိုးကို ဦးစားပေးတတ်တဲ့စိတ်၊ ယဉ်ကျေးပြီး ဂုဏ်သိက္ခာရှိတဲ့လူ့အဖွဲ့အစည်းကို တည်ဆောက်လိုစိတ်ရှိတဲ့ တိုင်းပြည်ရဲ့အနာဂတ်လူငယ်များ၊ ပေါ်ပေါက်လာဖို့အတွက် Education TV Channel လိုင်း ပညာပေးလိုင်းအစီအစဉ်များစွာက အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ Education Gap လို့ခေါ်တဲ့ ပညာရေးမညီမျှမှုကို ထိန်းပေးနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိပညာရေးစနစ်ပြုပြင်ပြောင်းလဲရာမှာ Group Work တွေနဲ့ ပိုမိုထိရောက်အောင် လုပ်ဆောင်နေကြပေမဲ့ ဒီအချက်တွေကို လုပ်ဆောင်နေကြတဲ့ ပညာရှင်တွေနဲ့ ဆွေးနွေးသူအနည်းငယ် ပဲ သိကြမှာပါ။ အမှန်တကယ် စာသင်ခန်းတွေမှာ လက်တွေ့သင်ကြားပြသနေတဲ့ ဆရာဆရာမတွေကို ကိုယ်တိုင်နဲ့ မိဘပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် မသိရှိနိုင်ကြပါဘူး။ မြို့ပြနေကျောင်းသူကျောင်းသား များနဲ့ ကျေးလက်နေကျောင်းသားကျောင်းသူများရဲ့ ပညာရေးကွာဟချက်ကိုလည်း ထိန်းညှိပေးနိုင်မှာ ဖြစ်ပါတယ်။ Education TV Channel လိုင်း သီးသန့်ရှိနေပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသ ပေးမယ်ဆိုရင် ပညာရေးစနစ်လျင်မြန်စွာထိရောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ပညာရှင်များနဲ့ ပြည်သူများထဲမှလည်း ကောင်းမွန်တဲ့အကြံဉာဏ်များကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရေး ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ သွားမည်ဆိုလျှင် ပညာရေးမှာ ယုံယုံ ကြည်ကြည်ရင်းနှီးမြှုပ်နှံဖို့ လိုအပ်တဲ့အချိန်ရောက်ပါပြီ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသလို နောင်အနှစ်(၂၀)မှာ စင်ကာပူလိုဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်အောင်မြင်ဖို့အတွက် ခေတ်ဟောင်း၊ စနစ်ဟောင်းက ပညာရေးစနစ်များမှာ နွံနစ်မနေတော့ဘဲ ပညာရေး ခေတ်သစ်၊ စနစ်သစ်နဲ့ နိုင်ငံတော် သစ်ဆီ အရောက်လှမ်းနိုင်ဖို့ Government Education TV Channel လိုင်းဟာ မဖြစ်မနေ လိုအပ် လှပါတယ်။ သို့ဖြစ်ပါ၍ အဆိုရှင် ဒေါက်တာလှမိုးရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံအကြံပြု ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဒေါက်တာလှမိုးရဲ့ မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်းတစ်လိုင်း သီးခြားထုတ်

လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုမှာ ရည်ရွယ်ချက်လေးခုနှင့် တင်ပြသွားပါတယ်။ တတိယရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသများပါမကျန် ပညာရေးကဏ္ဍ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာဆရာမတွေ၊ ကျောင်းသူကျောင်းသားအားလုံး ပညာရေးနှင့်ပတ်သက်တဲ့၊ မှန်ကန်တဲ့ သင်ကြားမှု၊ သင်ယူမှုစွမ်းရည်တွေ ရရှိစေရန်ဆိုတဲ့အချက်ကို အလေးပေးထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပညာရေးကဏ္ဍကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာရေးဟာ နောက်မှဆိုပြီး လုပ်ထားလို့မရပါဘူး။ စောစောလုပ်နိုင်ပါက စောစောအကျိုးရရှိစေမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့အနာဂတ်အကျိုးကို မျှော်ကိုးကာ ပညာရေးကို အစောဆုံးဆောင်ရွက်လုပ်ကိုင်ရမည့်ကဏ္ဍတစ်ခုအဖြစ် သတ်မှတ်ထားစေချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးကိုပြန်ကြည့်ရင် အားနည်းချက်များစွာနဲ့ ဖြတ်သန်းခဲ့ကြရပါတယ်။ ဆရာဆရာမများ အရည်အသွေးနှင့်အရေအတွက်ပြဿနာ၊ သင်ထောက်ကူပစ္စည်းမလုံလောက်တဲ့ပြဿနာ၊ အဆောက်အဦမလုံလောက်တဲ့ပြဿနာ စသောပြဿနာများနဲ့ လုံးချာလိုက်ခဲ့ရပါတယ်။ ထိရောက်သော လေ့လာသင်ကြားမှုကို စဉ်ဆက်မပြတ်ရရှိစေရန် အရင်ခေတ်အဆက်ဆက်မှာ ပညာရေးဝေးသည်မရှိဟူသော ဆောင်ပုဒ်အတိုင်း Education Channel မှ ထုတ်လွှင့်ဆောင်ရွက်ခဲ့သော်လည်း ထိရောက်သောအစီအစဉ်များမဖြစ်ခဲ့ပါ။ အဝေးသင်တက္ကသိုလ်ပညာရေးကို မန္တလေးအဝေးသင်တက္ကသိုလ်တွင် ဌာနခွဲပေါင်း ၂၁ ခုဖြင့်လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်ဌာနခွဲကို ဌာနခွဲပေါင်း ၁၅ ခုဖြင့်လည်းကောင်းဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ဌာနခွဲများမှ ဆောင်ရွက်နေရသော အနီးကပ်သင်ကြားပို့ချရေးတွင် Education Channel ကိုအသုံးပြုကာ အဝေးသင်ကျောင်းသားကျောင်းသူများလိုအပ်ချက်ကို အချိတ်အဆက်မိမိ ဆောင်ရွက်ပေးနိုင်ပါက နေရာဒေသမရွေးမှ ကျောင်းသားကျောင်းသူများကို တစ်ပြေးညီ၊ တစ်ပြိုင်နက် သင်ယူလေ့လာခွင့်ရရှိစေမှာဖြစ်ပါတယ်။ Self Learning ဖြစ်သော ကိုယ်တိုင်သင်ယူလေ့လာခြင်းအတွက် အထောက်အကူဖြစ်စေသော သင်ခန်းစာများကိုလည်းစနစ်တကျ စီစဉ်ထုတ်လွှင့်ပေးခြင်းအားဖြင့် အဝေးသင်ပညာရေးကဏ္ဍကို ပိုမိုထိရောက်စေမှာဖြစ်ပါတယ်။ အခြေခံပညာကျောင်းများတွင် ခန့်အပ်ထားသော နေ့စားလပေးဆရာဆရာမများအတွက်သင်တန်းများပို့ချရာတွင်လည်း Education Channel ရုပ်သံလိုင်းကို တွဲဖက်အသုံးပြု ပို့ချပေးခြင်းအားဖြင့် အချိန်၊ ငွေ၊ လုပ်အား သက်သာစေနိုင်ပြီး စဉ်ဆက်မပြတ် သင်ယူလေ့လာစေနိုင်ခြင်းဖြင့်

ပညာရေးကဏ္ဍကို ပိုမိုထိရောက်အောင်မြင်နိုင်စေမှာဖြစ်ပါတယ်။ ပညာရေးရုပ်သံလိုင်းအစီအစဉ်တစ်ခုကို အကြိမ်ရေများစွာ ထုတ်လွှင့်ခြင်းမျိုးမဟုတ်ဘဲ အဆင့်မြင့်ပညာ အခြေခံပညာသင်ကျောင်းသားကျောင်းသူများနှင့်ကိုက်ညီသော အချိန်များသတ်မှတ်ကာ စနစ်တကျ စီစဉ်ထုတ်လွှင့်စေချင်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ အခြေခံပညာကျောင်းသူကျောင်းသူများနှင့်သက်ဆိုင်သော ကျောင်းသင်ခန်းစာများ၊ လေ့ကျင့်သင်ကြားခြင်းများကို တိုက်ရိုက်စီစဉ်ထုတ်လွှင့်ပေးခြင်းအားဖြင့် အမျိုးမျိုးသောသင်ကြားရေးနည်းစနစ်များနှင့် မတူညီသောအတွေးအခေါ်ကောင်းများကို ကျောင်းသားကျောင်းသူများ တစ်ပြေးညီရရှိစေမှာဖြစ်ပါတယ်။ ထပ်မံအကြံပြုဆွေးနွေးလိုတာကတော့ လက်ရှိပြောင်းလဲနေသော အမျိုးသာပညာရေးမဟာဗျူဟာစီမံကိန်းအတွက် ပြောင်းလဲနေသောအချက်အလက်များကို ပြည်သူများအလွယ်တကူလေ့လာသိရှိနိုင်စေရန် စီစဉ်ဆောင်ရွက်သင့်ပါတယ်။ တယ်လီဖုန်းကွန်ရက်များကို အသုံးပြုကာ ပညာရေးပြုပြင်ပြောင်းလဲရေးနှင့်သက်ဆိုင်သော Message များ၊ ဆက်လက်သင်ယူလေ့လာနိုင်သော Labs များကို ပေးပို့ခြင်းအားဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုကို သိရှိနားလည်ကာ ဆရာ၊ မိဘ၊ ကျောင်းသားကျောင်းသူများ ပူးပေါင်းဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ ပညာရေးရုပ်မြင်သံကြားလိုင်း သီးသန့်တစ်လိုင်း သီးခြားထုတ်လွှင့်ပေးခြင်းအားဖြင့် နေရာဒေသမရွေးလေ့လာသင်ယူနိုင်ခြင်း၊ မိဘများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တစ်ပြေးညီ၊ တစ်ပြိုင်နက် လေ့လာသင်ယူခွင့်ရရှိစေခြင်း၊ မှန်ကန်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ခြင်းတို့ကြောင့် သင်ကြားရန် သင်ခန်းစာများ၊ ကျောင်းသားကျောင်းသူများနှင့် သက်ဆိုင်သော အကြောင်းအရာများကို Education Channel ကို အသုံးပြုကာ အချိန်မီအချိတ်အဆက်မိမိ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်းတင်ပြရင်း ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးရဲ့အဆိုကို ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်တို့အတွက် အစိုးရရဲ့ပညာရေးရုပ်မြင်သံကြားလိုင်း(Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်၍ တင်သွင်းခဲ့တဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးနဲ့ ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူတို့အား ပြန်ကြားပေးရန်၊ အသိပညာပေးရန်နဲ့ ဖျော်ဖြေပေးရန်ဆိုတဲ့ လုပ်ငန်းတာဝန်(၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ပုံနှိပ်မီဒီယာနဲ့ရုပ်သံမီဒီယာများကို အသုံးပြုလျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိတဲ့ အစိုးရရဲ့ပညာရေးရုပ်မြင်သံကြားလိုင်း တိုးချဲ့မယ်ဆိုလို့ရှိရင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရုပ်သံဆိုင်ရာအခြေခံအဆောက်အအုံ(Infrastructure)ပိုင်းနဲ့ နည်းပညာပိုင်းဆိုင်ရာများမှာ ကူညီဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်။ ထုတ်လွှင့်မယ့်အစီအစဉ်များကိုတော့ ပညာရေးဝန်ကြီးဌာနက ရိုက်ကူးထုတ်လုပ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါရုပ်သံလိုင်းကို MRTV ရဲ့ Multichannel လိုင်းများထဲမှာ ထည့်သွင်းထုတ်လွှင့်နိုင်ရေးအတွက် ကျွန်တော်တို့ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်ကတော့ ပညာရေးဝန်ကြီးဌာနက အကယ်၍ ၎င်းတို့ရဲ့စတူဒီယိုကို ရန်ကုန်မှာထားရှိမယ်ဆိုလို့ရှိရင် အဲဒီစတူဒီယိုက ရိုက်ကူးပေးပို့တဲ့ ပညာရေးရုပ်မြင်သံကြားအစီအစဉ်များကို ရန်ကုန်၊ ပြည်လမ်းအသံလွှင့်ရုံဝန်းထဲမှာရှိတဲ့ ဂြိုလ်တုမြေပြင်အခြေစိုက်စခန်း (9 Meter Earth Station)ကို Fiber ဆက်ကြောင်းနဲ့ပေးပို့ပြီးတော့ အဲဒီဂြိုလ်တုမှတစ်ဆင့် တပ်ကုန်းရုံးချုပ်ကို ပေးပို့ရပါလိမ့်မယ်။ ဒီကမှတစ်ဖန် ဆက်လက်ပြီးတော့ လက်ရှိထုတ်လွှင့်လျက်ရှိတဲ့ Digital ရုပ်သံလိုင်းများနှင့်အတူ ပေါင်းစပ်ပြီးတော့ ဂြိုလ်တုကို

ထပ်မံပို့ရပါတယ်။ ပြီးတဲ့နောက် ဂြိုလ်တုက တစ်ဆင့်နယ်များမှာရှိတဲ့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၁၄၅ ရုံကို ပေးပို့ထုတ်လွှင့်သွားရမှာ ဖြစ်ပါတယ်။

အဲဒီလိုပေးပို့ထုတ်လွှင့်တဲ့နေရာမှာ ပညာရေးဝန်ကြီးဌာနက ရိုက်ကူးရေးဆောင်ရွက်မယ့် Studio ရဲ့တည်နေရာအပေါ် မူတည်ပြီး လိုအပ်တဲ့စက်ပစ္စည်းများ ဖြည့်တင်းတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အကယ်၍ ပညာရေးဝန်ကြီးဌာနရဲ့ Studio ကို အထက်မှာတင်ပြခဲ့သလို ရန်ကုန်မြို့မှာ တည်ဆောက်မယ်ဆိုရင် Studio ကနေ ပြည်လမ်း Station ကို Program များပေးပို့ ထုတ်လွှင့်မှုအတွက် Fiber ဆက်ကြောင်းတည်ဆောက်ခြင်း၊ ရန်ကုန်နှင့် နေပြည်တော်(တပ်ကုန်း)မှာရှိတဲ့ Satellite Earth Station တွေမှာ စက်ပစ္စည်းများထပ်မံတပ်ဆင်ခြင်းတွေကို ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီအတွက် ရန်ကုန် Satellite Earth Station စခန်းမှာတပ်ဆင်ရန်လိုအပ်မယ့် စက်ပစ္စည်းများဝယ်ယူတာ၊ နေပြည်တော်(တပ်ကုန်း)မှာရှိတဲ့ Satellite Earth Station မှာ တပ်ဆင်ရန် လိုအပ်မည့် စက်ပစ္စည်းတွေဝယ်ယူတာ၊ Fiber ဆက်ကြောင်းအတွက် လိုအပ်တဲ့စက်ပစ္စည်းတွေ ဝယ်ယူတာတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒါ့အပြင် Studio တည်ဆောက်ခြင်း၊ လိုအပ်တဲ့ ရိုက်ကူးရေးစက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းနဲ့ Studio ကနေ ရန်ကုန် 9 Meter Earth Station ကို လိုအပ်မယ့် Fiber ဆက်ကြောင်းငှားရမ်းခြင်းစတာတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းရပ်တစ်ခုလုံးရဲ့ ကုန်ကျစရိတ်များကိုတော့ ပညာရေးဝန်ကြီးဌာနရဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်ရဖို့ရှိပါတယ်။ အလားတူပဲ Studio ကို နေပြည်တော်မှာတည်ဆောက်မယ်ဆိုရင်တော့ Studio ကနေပြီး နေပြည်တော်(တပ်ကုန်း) မှာရှိတဲ့ Station ကို ဒီအစီအစဉ်များပေးပို့ဖို့အတွက် Fiber ဆက်ကြောင်းတည်ဆောက်တာကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြီးတဲ့နောက် Fiber ဆက်ကြောင်းအတွက် လိုအပ်တဲ့စက်ပစ္စည်းများ ဝယ်ယူရမှာဖြစ်ပါတယ်။ ဒါ့အပြင် Studio တည်ဆောက်ခြင်း၊ လိုအပ်တဲ့ရိုက်ကူးရေး စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊ ပြီးတဲ့နောက် Studio ကနေ နေပြည်တော်(တပ်ကုန်း) 9 Meter Earth Station ကို လိုအပ်မယ့် Fiber ဆက်ကြောင်းငှားရမ်းခြင်းနဲ့ တပ်ကုန်း Station မှာတပ်ဆင်ဖို့ လိုအပ်မယ့် ပစ္စည်းတွေဝယ်ယူခြင်း ဒါတွေလည်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးရုပ်မြင်သံကြားလိုင်း (Education Channel) ဖြစ်ပေါ်လာပါက ဝေးလံဒေသများမှာရှိကြတဲ့ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနဲ့ ကျောင်းသားမိဘများအတွက် ပညာရေးအသိဉာဏ် ဗဟုသုတရရှိစေမယ့်အပြင် ဆရာဆရာမများနဲ့

ကျောင်းသားကျောင်းသူများအတွက် သင်ကြားသင်ယူမှုလုပ်ငန်းများနဲ့ ပညာရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်းတို့ကို ပညာရေးရုပ်မြင်သံကြားလိုင်းကနေတစ်ဆင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ပညာရေးရုပ်မြင်သံကြားလိုင်းထုတ်လွှင့်မှုဖြစ်မြောက် ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာလှမိုး တင်သွင်းတဲ့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်တို့အတွက် အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်းတစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးအနေနဲ့ အဆိုတင်သွင်းသူ ဒေါက်တာလှမိုးနှင့် ဆွေးနွေးကြသူများ၊ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်ပြီး ထိထိရောက်ရောက်ပွင့်လင်းမြင်သာစွာနှင့် လိုက်လျောညီထွေစွာ ဦးတည်အကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးရုပ်မြင်သံကြားလိုင်း ထုတ်လွှင့်နိုင်ရေးဟာ အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ ပညာရေးရုပ်မြင်သံကြားလိုင်းထုတ်လွှင့်မှုပြုလုပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနဲ့ ပြန်ကြားရေးဝန်ကြီးဌာနနှစ်ခုဟာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှာ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံးမှာ တာဝန်ရှိသူတွေ တွေ့ဆုံအစည်းအဝေး ပြုလုပ်ခဲ့ပြီး လိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးစီစဉ်ဆောင်ရွက်လျက်ရှိကြပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကဏ္ဍ၊ နည်းပညာနဲ့ သက်မွေး၊ ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍတွေမှာ သင်ကြားသင်ယူမှု အခွင့်အလမ်းတွေ ပိုမိုရရှိစေရေး၊ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမြှင့်တင်နိုင်ရေး၊ ဆရာဆရာမ အရည်အသွေးမြင့်မားရန်၊ ပညာရေးဒီဂရီကောလိပ်အဆင့်မြှင့်တင်ရေး၊ စီမံခန့်ခွဲရေးမူဝါဒသင်တန်း များ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအစီအစဉ်၊ အဝေးသင်ပညာရေးအစီအစဉ်များ၊ အရည်အသွေးမြင့်မားလာစေရေး၊ ပညာရေးအရည်အသွေးမြင့်မားလာစေရေးနှင့် စွမ်းဆောင်ရည် များမြင့်မားလာစေရေး၊ ဒေသအကွာအဝေးခြားနားမှု ကျေးလက်/မြို့ပြကွာခြားမှုမရှိဘဲ ကျောင်းပညာ ရေး၊ ကျောင်းပြင်ပပညာရေးများအတွက် ထိရောက်မှုတစ်ခုဖြင့် ဆောင်ရွက်လိုတဲ့အတွက် ပညာရေး ဝန်ကြီးဌာနနဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး TV အစီအစဉ်အဖြစ်သော်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာ Education TV Channel တစ်ခုအဖြစ်သော် လည်းကောင်း၊ FM နှင့် Online Education Channel များအဖြစ်သော်လည်းကောင်း ထုတ်လွှင့်လိုပါကြောင်းနှင့် ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအတွက် အလွတ်ကျက်မှတ်မှုမှ စဉ်းစားတွေးခေါ်မှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ တီထွင်ကြံဆနိုင်မှုအရည်အသွေးများမြင့်မား၍ ပူးပေါင်းဆောင်ရွက်တတ်သည့် တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်တတ်သော လူသားကောင်းများ ပြုစုပျိုးထောင်နိုင်ရေးအတွက် သင်ကြားသင်ယူမှု ပိုမိုကောင်းမွန်စေရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးလိုပါကြောင်း တင်ပြအပ်ပါတယ်။

အမျိုးသားပညာရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(င)မှာလည်း နိုင်ငံတကာအဆင့်မီပညာရပ်ဆိုင်ရာ ဝန်းကျင်ကောင်းများဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများရဲ့ အရည်အသွေးမြင့်မားလာစေရန်ဟု ဖော်ပြထားတာကိုလည်း ဦးတည်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လိုတဲ့အတွက်ကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနမှာ ကျောင်းပြင်ပ နှင့် တစ်သက်တာပညာရေးဦးစီးဌာန၌ ပညာရေးနည်းပညာနှင့် သတင်းဖြန့်ချိရေးဌာနခွဲမှ ပညာရေး ပို့ချချက်များ၊ ပညာရေးမှတ်တမ်းများ၊ ပညာပေးဇာတ်လမ်းများ၊ ပညာရေးတေးသီချင်းများ၊ ဂုဏ်ပြုမှတ်တမ်းများ၊ ဇာတ်လမ်းတိုများ စုစုပေါင်း ၅၅ ခု၊ စုစုပေါင်း နာရီ ၂၀ ခန့်အတွက် ရေးသား ပြုစုခြင်း၊ ရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်းတို့ကို ရှိတဲ့စက်ပစ္စည်းကိရိယာနှင့် ဆောင်ရွက်သူကျွမ်းကျင် ဝန်ထမ်းအနည်းငယ်ဖြင့် စီစဉ်ဆောင်ရွက်ပြီးစီးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ Education Channel ထုတ်လွှင့်မယ်ဆိုလို့ရှိရင် ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနတို့

TV Channel ကို သီးခြားလိုင်းတစ်ခုနဲ့ ပညာရေးပို့ချချက်များ၊ မှတ်တမ်းများ၊ ဇာတ်လမ်းများ ထုတ်လွှင့်နိုင်ရေးအတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်သွားရမှာဖြစ်သလို နည်းပညာပိုင်းမှာလည်း ပူးပေါင်းပြီးတော့မှ ပညာရေးရုပ်မြင်သံကြားလိုင်း သီးခြားဖြစ်ပေါ်လာစေရေးအတွက် လိုအပ်လာမည့် စတူဒီယို၊ Fiber ဆက်ကြောင်းများနဲ့ ICT ဆိုင်ရာပစ္စည်းများ၊ ကျွမ်းကျင်သူများ၊ ပညာရှင်များနဲ့ အခြားလိုအပ်ပစ္စည်းများ၊ လုပ်ငန်းသုံးများကို နိုင်ငံတော်ရဲ့ခွင့်ပြုဘဏ္ဍာငွေအဖြစ် ရေတို/ရေရှည် စီမံကိန်းများချမှတ်၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များအလိုက် ပညာရေးဝန်ကြီးဌာနမှ လျာထားတင်ပြ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် ယခုလို TV Channel ဖြစ်ပေါ်လာရေးအတွက်ကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ နေ့ချင်း၊ ညချင်းတော့ ကျွန်တော်တို့ ဆောင်ရွက်လို့မရဘူးဆိုတာကိုတော့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒီလိုစနစ်တကျ ရေတို/ရေရှည်စီမံချက်များဖြင့် ပြန်ကြားရေး ဝန်ကြီးဌာနနှင့်ညှိနှိုင်းပူးပေါင်း၍လုပ်တဲ့အခါမှာ လုပ်ငန်းစဉ်များအတွက် လိုအပ်တဲ့သင့်တော်သော အချိန်ယူပြီးတော့မှ ဂြိုလ်တုများအခြေအနေ နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များရဲ့အပေါ်မှာ မူတည်ပြီးတော့မှ စနစ်တကျနှင့်စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိထိရောက်ရောက်အကျိုးရှိစွာ ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက် အသုံးပြုဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့ ပညာရေးရုပ်မြင်သံကြားလိုင်း သီးခြားထုတ်လွှင့်ပေးရန် အတွက် လိုအပ်ပါကြောင်းနှင့် အဆိုကိုအတည်ပြုဖို့လို့အတွက် ထောက်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ပါးအေးချမ်းကြပါစေ။ ဒီနေ့ ကျွန်တော်တင်သွင်းတဲ့ မြန်မာ့ပညာ ရေးနှင့်ပတ်သက်ပြီးတော့အဆိုအတွက် မြန်မာ့ပညာရေးအပြောင်းအလဲအတွက်၊ မြန်မာ့ပညာရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်တဲ့၊ အမှန်တကယ်ကျွန်တော်တို့ နိုင်ငံအတွက်အရေးကြီး တယ်လို့ ခံယူပြီးတော့ ပါဝင်ထောက်ခံအကြံပြုဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဒီမြန်မာ့ပညာရေး ရုပ်မြင်သံကြားအစိုးရရဲ့ Education TV Channel လိုင်း သီးခြားထုတ်လွှင့်ပေးဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့ ပြန်ကြားရေးဝန်ကြီးဌာန၊

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနများကလည်း ပူးပေါင်းဆောင်ရွက်လိုတဲ့ဆန္ဒရှိတဲ့အတွက်ကြောင့်လည်း ကျွန်တော့်အနေနဲ့ အထူးလည်းကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကျွန်တော်တင်သွင်းတဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ အဆိုဖြစ်တဲ့ အစိုးရရဲ့ ပညာရေးရုပ်မြင်သံကြားလိုင်း Government Education TV Channel လိုင်းဟာ မြန်မာ့ပညာရေးအတွက် အမှန်တကယ်လည်း လိုအပ်ပါတယ်။ အမှန်တကယ်လည်းအရေးကြီးပါတယ်။ ဘာကြောင့်အမှန်တကယ်ရေးကြီးလဲဆိုတော့ ကျွန်တော်တို့ ဒီဟာကို ဆောင်ရွက်တဲ့အခါမှာ ပြန်ကြားရေးဝန်ကြီးဌာနကတော့ ထုတ်လွှင့်ပေးရုံသက်သက်ပါပဲ။ အဓိက စဉ်ဆက်မပြတ် ဆောင်ရွက်ရမှာက ပညာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ဒါကိုဆောင်ရွက်ဖို့ ရန်အတွက် စတူဒီယိုတွေတည်ဆောက်ရမယ်။ ဒီလိုစတူဒီယိုတွေတည်ဆောက်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ သိထားသလောက်ကတော့ တစ်နိုင်ငံလုံးမှာ ပြင်ဦးလွင်မှာရှိတဲ့ ရတနာပုံ တယ်လီပေ့ါမှာလည်း စတူဒီယိုတစ်လုံး တည်ဆောက်ပြီးသားရှိပါတယ်။ နေပြည်တော်မှာလည်း စတူဒီယိုတစ်လုံး တည်ဆောက်ပြီးသားရှိပါတယ်။ ရန်ကုန်မှာလည်း စတူဒီယိုတစ်လုံးတည်ဆောက်ပြီးသားရှိတယ်လို့ သိရှိပြီး ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အကောင်အထည်ဖော်တဲ့အခါမှာ ပိုပြီး လျင်မြန်သွက်လက်လာမယ်လို့လည်း ကျွန်တော်တို့ခံယူပါတယ်။ နောက် ဒီအခါမှာ ရိုက်ကူးရေးနဲ့ ပတ်သက်တဲ့ဟာတွေမှာလည်း ဝန်ထမ်းတွေတိုးချဲ့ခန့်ထားရမယ်။ ဒီလိုဝန်ထမ်းတွေကို ပြန်ကြားရေးဝန်ကြီးဌာနနဲ့ပူပေါင်းပြီးတော့ သင်တန်းတွေပေးရမှာတွေလည်း ရှိပါတယ်။ နောက်ပြီးကျတော့ ဒီဟာတွေကို Program တွေကို ပြည်သူလူထုစိတ်ဝင်စားအောင်၊ ပြီးတော့ သတင်းအချက်အလက်တွေစုဆောင်းတာတွေ၊ နောက် Active Class တွေ ကျောင်းတွေမှာလိုက်ပြီးရိုက်ကူးရေးတွေ လုပ်ဖို့ရာ အတွက်ကလည်း ဒါအများကြီးလိုအပ်ပါသေးတယ်။ အဲဒီအတွက် ပညာရေးဝန်ကြီးဌာနအတွက် လုပ်ရမည့်လုပ်ငန်းပမာဏ တာဝန်ဟာတော်တော်ကြီးကို ကြီးမားတာဖြစ်ပါတယ်။ အကောင်းဆုံး အစီအစဉ်ကောင်းတွေ ထုတ်လွှင့်ပေးဖို့ရန်အတွက်လည်း အချိန်ယူရမှာဆိုတာ မှန်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဒီနှစ်ဆိုလို့ရှိရင် မြန်မာ့ပညာရေးအဘက်ဘက်က နိမ့်ကျခဲ့တာအားလုံးအသိရှိပြီးသား ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ပညာရေးပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်မှုက အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှ နောင်အနှစ် ၃၀

လောက်ကျမှ ဒီပညာရေးရဲ့အရသာကို ကျွန်တော်တို့ တိုင်းပြည်ခံစားရမှာ ဖြစ်ပါတယ်။ ဒီနေ့ပြောင်းလဲနေတဲ့ ပညာရေးစနစ်သစ်ကို ကျွန်တော်တို့ ပြည်သူ၊ မိဘ၊ ဆရာ၊ ကျောင်းသားက ပညာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေ၊ လုပ်ငန်းစဉ်တွေကိုနားမလည်ခဲ့ဘူးဆိုရင် ဒီအပြောင်းအလဲဟာ ကျဆုံးသွားနိုင်ပါတယ်။ ဒီလိုကျဆုံးသွားရင် ကျွန်တော်တို့တစ်တွေ အများကြီးဆုံးရှုံးပါ့မယ်။ အချိန်တွေကုန်မယ်။ နောက်ပြီးတော့ကျတော့ ငွေတွေဆုံးရှုံးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပြောင်းအလဲမှာ ပညာရေးဝန်ကြီးဌာနကအချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်တွေ၊ နောက် ပညာရေးလေ့ကျင့်မှုတွေ၊ သင်ရိုးညွှန်းတမ်းတွေ၊ အဆက်မပြတ် TV Channel လိုင်းကနေပြီးတော့ လွှင့်ပေးနိုင်မယ်ဆိုရင် ဒီပညာရေးအပြောင်းအလဲမှာ ကျွန်တော်တို့ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းပမာဏကြီးမားတာလည်း မှန်ပါတယ်။ လုပ်ရမည့်ဟာတွေက၊ လုပ်ဆောင်မည့်အချက်အလက်တွေကလည်း အချိန်ယူရမှာ မှန်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့တစ်တွေနဲ့ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်လေ ကျွန်တော်တို့ တိုင်းပြည်နှင့် ပညာရေးအတွက် အကောင်းဆုံးအကျိုးခံစားမှာဖြစ်ပါတယ်။ ပညာရေးအကောင်းဆုံး အပြောင်းအလဲမှာ အကောင်းဆုံးကို ဖော်ဆောင်နိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မယ်ဆိုတာ ယုံကြည်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို ့ကျွန်တော်တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီး ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ကိုးဦးကဆွေးနွေးပြီး ပြန်ကြားရေးဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားမည်လို့ ဆွေးနွေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနကလည်း အဆိုအားအတည်ပြုသင့်ကြောင်း ထောက်ခံဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မှုကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီရှင်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၁၂:၀၀ နာရီအချိန်တွင် ရပ်နားပါသည်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့
## (၁၁.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဦးမြင့်လွင်
(ပုဇွန်တောင် မဲဆန္ဒနယ်)



ဒေါ်စန်းစန်းအိ
(မိုးညှင်း မဲဆန္ဒနယ်)



ဒေါက်တာခင်မောင်မောင်
[ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်]



ဦးကျော်အောင်လွင်
(စေတုတ္တရာ မဲဆန္ဒနယ်)



ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး
(ကလေး မဲဆန္ဒနယ်)



ဦးဇာနည်မင်း
(ရွှေကူ မဲဆန္ဒနယ်)



ဦးမြင့်အောင် (တရားသူကြီး)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်



ဦးကျော်မျိုး (ဒုတိယဝန်ကြီး)
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်